


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# ဒုက္ခသစ္စာ၏အနက် (၃) သန္တာပဋ္ဌော

## တရားနာရင်းကျွတ်တမ်းဝင်နည်း

၁၉၃

ဟောကြားသည့်နေ့

၉-၁၂-၅၇



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးပုံ။



ဆရာတော်ဘုရားကြီး၏ မီးမခသော မျက်လုံးတော်တစ်စုံအနက်မှ
မိုးကုတ်မြို့တွင် ကျန်ရှိနေသော မျက်လုံးတော်ပုံ



ဆရာတော်ဘုရားကြီး၏ အရိုးတော်၊ အသွေးတော်၊ အသားတော်တို့မှ
ဖြစ်ပေါ်လာသော ဓာတ်တော်များ



ဆရာတော်ဘုရားကြီး၏ ဆံတော်များ လုံးစုနေပုံ



ဆရာတော်ဘုရားကြီး၏ မီးမလောင်သော အံပွားတော်

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ဒုက္ခသစ္စာ၏ အနက် (၃) သန္တာပဋ္ဌော
# တရားနာရင်းကျွတ်တမ်းဝင်နည်း

ဟောကြားသည့်နေ့
(၉-၁၂-၁၉၅၇)

စာမူခွင့်ပြုချက်အမှတ် - ၁၉၉/၂၀၀၂ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၁၄/၂၀၀၂ (၁၁)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ
တန်ဖိုး - (        )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# ဒုက္ခသစ္စာ၏ အနက် (၃) သန္တာပဋ္ဌော

## တရားနာရင်း ကျွတ်တမ်းဝင်နည်း

ဟောကြားသည့်နေ့ (၉-၁၂-၅၇)

## နာရုံနဲ့ မရဘူး ပွားမှရမယ်

ဒကာဒကာမတွေ မှတ်ထားရမယ်၊ မဂ္ဂသစ္စာမှာ ဘာကိစ္စရှိသလဲ၊ (ဘာဝေတဗ္ဗကိစ္စရှိပါတယ်ဘုရား) ဘာဝေတဗ္ဗကိစ္စဆိုတာ ဘုန်းကြီးတို့ ဒကာဒကာမတွေက ဒီအတိုင်းဆုတောင်းနဲ့ နိဗ္ဗာန်ရမယ်မဟုတ်ဘူး၊ ပွားများရမယ်လို့ ဘုရားက ဒီကိစ္စကို ဖော်ပြတယ်လို့ မှတ်ပါ၊ နာရုံနဲ့မရဘူး၊ ပွားမှရမယ်။

ပွားဆိုတာ ဘာပါလိမ့်မတုံးလို့မေးလို့ရှိရင်၊ စကားပြောနေတာပွားတာမဟုတ်ဘူး၊ စာကျက်နေတာ ပွားတာမဟုတ်ဘူး၊ စာပြန်နေတာလည်း၊ ပွားတာမဟုတ်ဘူး၊ ဥပမာ သတိပဋ္ဌာန်လေးပါးရှိတယ်။

အဲဒီသတိပဋ္ဌာန်လေးပါးတစ်ပါးပါးကို စိုက်ပြီးသကာလ၊ ရုပ်ရှုတဲ့ ပုဂ္ဂိုလ်က ရုပ်တွေ့ရုံနဲ့ပွားတယ်လို့ မဆိုနဲ့၊ ရုပ်၏ဖြစ်ပျက်တွေ့မှ ပွားတယ်လို့ မှတ်ပါ။

## ဝေဒနာတွေ့ရုံနဲ့ပွားတယ်မမှတ်နဲ့

ဝေဒနာရှုတဲ့ပုဂ္ဂိုလ်က ဝေဒနာတွေ့ရုံနဲ့ ပွားတယ်လို့ မမှတ်နဲ့၊ ဝေဒနာတွေ့ရင် သြော်-ဝေဒနာဟာ၊ နာမ်လို့သိတာပဲမှတ်။

ဝေဒနာကိုကျော်လွှန်ပြီး၊ သူ၏အဖြစ်အပျက်ကို သိထားမှ၊ ဖောက်ပြန်တလဲလဲ အာရုံကပြလို့ရှိရင် ရှုတဲ့ဉာဏ်က၊ ရှုတဲ့မဂ္ဂင်ငါးပါးက၊ အဖန်တလဲလဲ ပေါ်လာတိုင်း ပေါ်လာတိုင်း ကြည့်နေမှ ဘာဝေတဗ္ဗကိစ္စလို့ မှတ်ပါ၊ ပွားများတယ်လို့မှတ်ပါ။

အဲဒီတော့ ဒကာ ဒကာမတွေ နိဗ္ဗာန်ရောက်မှုအလုပ်ဟာ၊ ဆုတောင်းအလုပ်လား၊ ပွားများမှုအလုပ်လားလို့ ဆုံးဖြတ်ချက်ချကြပါ။ ပွားများမှုအလုပ်သာလျှင် ဧကန်ဟုတ်တာ။

## နွားကျောင်းသားအလုပ်

ဒါကြောင့် စာသင်တယ်၊ ဘုန်းကြီးတို့သင်ခဲ့တာပဲ၊ စာချတယ် ဘုန်းကြီးတို့ စာချခဲ့တာပဲ။

သို့သော် ဒီဟာသည်ကားလို့ဆိုရင်၊ နွားကျောင်းသားအလုပ်လို့ ဘုရားကဟောတယ်၊ နွားမပျောက်အောင်စောင့်ရှောက်ရုံမျှသာ ရှိတယ်လို့ ဘုရားကဟောထားတယ်။

## နွားနို့အရသာနွားရှင်မှသိတယ်

နွားနို့အရသာ၊ နွားရှင်ကမှပိုင်တယ်လို့ ဆိုဘိသကဲ့သို့၊ ပွားများမှုအလုပ်လုပ်မှ ကိလေသာသေမှုအလုပ်သည်၊ ကိစ္စပြီးတော့တယ်မှတ်ကြပါ။

စာသင်မှု၊ စာတတ်မှု၊ စာချမှုဟာ၊ 'ဉာတပရိညာ' ပါ၊ အခုလို ဝေဒနာရှုတယ်၊ ဝေဒနာတွင် တွေ့နေသေးတယ်ဘုရား။

ဟာ-မင်းတို့လိုသေးတယ်၊ ဝေဒနာဆိုတာ ပင်ကိုသဘောမဟုတ်သေးဘူး၊ ပင်ကိုသဘောကဖြင့် ဖြစ်ပြီးပျက်တဲ့သဘောလေးကိုရှုပါ။

## ဖြစ်ပြီးမရှိတာရှုရမှာ

ဘုန်းကြီးများက ဒကာ ဒကာမတွေမှာတယ် ဘာရှုရမှာပါလိမ့် . . . (ဖြစ်ပြီးပျက်တဲ့သဘောလေးပါဘုရား) ဖြစ်ပြီးပျက်တဲ့သဘောလေးကို ရှုတော့ ဝေဒနာမဟုတ်တော့ဘူး ဩော်-အနိစ္စပါလား။

"ဟုတွာ အဘာဝဋ္ဌေနအနိစ္စံ" ဆိုတဲ့အတိုင်းဖြစ်ပြီး မရှိတာလေးရှုမှ အနိစ္စဆိုတာ ဒကာ ဒကာမတွေက မှတ်ထားတော့၊ အနိစ္စဆိုတာ" သင်္ခါရာအနိစ္စာ"လို့ဟောထားတဲ့အတွက်ခန္ဓာကိုယ်ထဲမှာပြုပြင်တာကြည့်ရင်၊ ရုပ်လည်းမတွေ့ဘူး၊ နာမ်လည်းမတွေ့ဘူး၊ ဉာတပရိညာနဲ့တော့ တွေ့လိမ့်မယ်။

## ပွားများမှုကိစ္စ

တီရဏပရိညာနဲ့ စဉ်းစားလိုက်တဲ့အခါကျလို့ရှိရင်၊ အနိစ္စချည့်တွေ့မှ သာလျှင်၊ ဩော်-ဒါသည်ကားဆိုလို့ရှိရင် တီရဏပရိညာပွားများမှု၊ ဘာဝေတဗ္ဗ ကိစ္စကို ရောက်လာပါပေါ့လားလို့ ဒကာ ဒကာမတွေက ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့ဘုရား)။

အဲဒါကြောင့် အိမ်ရောက်တဲ့အခါဖြစ်စေ၊ တရားနာတဲ့အခါဖြစ်စေ၊ နားက ဘုန်းကြီးပြောတာနားထောင်ပါ၊ ဉာဏ်ကခန္ဓာလှည့်ထားပါ၊ တရားနာတဲ့နားက ဘာတဲ့တုံး . . . (ဘုန်းကြီးဟောတာနားထောင်ရမယ်ဘုရား) ဘုန်းကြီးတရားဟောတာ နားထောင်ပါ။

## ဉာဏ်ကစန္ဒာလှည့်ထားပါ

ဉာဏ်ကဘယ်လှည့်ထားရမယ်. . . (ခန္ဓာကိုယ်လှည့်ထားရပါမယ် ဘုရား) ဉာဏ်ကခန္ဓာကို လှည့်လိုက်တော့၊ ဘုရားက . . . . ။

"ဒေသနာညာဏာ နုသာရေနညာဏံ ပေသေန္တဿ ဉာဏုတ္တရဿဟောတိ"

ဆိုတော့ ဒေသနာညာဏာနုသာရေန - ဟောတဲ့ဒေသနာ ဉာဏ် အစဉ်လျှောက်သဖြင့် ခင်ဗျားတို့နားထဲကနေပြီး သကာလ၊ ဒီကဟောလိုက်တဲ့ တရားကို ခင်ဗျားတို့နားထဲက ကြားပြီးသကာလ၊ နားထဲတွင်ကြားတဲ့ဝီထိတွင် မနေဘဲနဲ့ ဩော်-ဒီခန္ဓာငါးပါးထဲက ဘယ်ဟာဟောနေတာလဲ?၊ ဝေဒနာက္ခန္ဓာ ဟောနေတာဆိုပြီး ဉာဏ်ကခန္ဓာကိုယ်ထဲမှာ စေခိုင်းပါ. . . (မှန်လှပါဘုရား)။

ညာဏုတ္တရဿဟောတိဆိုသဖြင့်၊ ဟောရင်းမတ္တနှင့်ခင်ဗျားတို့ ဉာဏ် တက်လာပြီးသကာလ၊ ဩော်. . . တစ်ကိုယ်လုံးသည်ကားဆိုရင် အဖြစ် အပျက်မှတစ်ပါး ဘာမှမရှိပါလားဆိုပြီး အဖြစ်အပျက်မြင်တဲ့ဉာဏ်တက်လာ လိမ့်မယ်။

## တရားနာရင်းသောတာပန်တည်နိုင်တယ်

နောင်အဖြစ်အပျက်မုန်းတဲ့ဉာဏ်တက်လာလိမ့်မယ်၊ နောက်အဖြစ် အပျက်ကိုပင်၊ ဖြစ်ဒုက္ခပျက်ဒုက္ခပါလားလို့ ပိုင်းခြားတဲ့ဉာဏ်အလိုလိုတက်ပြီး၊ ဒေသနာဉာဏ်အဆုံးမှာ သောတာပန်တည်နိုင်တယ်။

အဲဒီတော့ ရှေးတုန်းက ကျင့်ကြံကြိုးကုတ်အားထုတ်လို့ သောတာပန် တည်သွားတာနဲ့ ဒေသနာဉာဏ်အစဉ်လျှောက်ပြီးသကာလ ခန္ဓာဉာဏ်ရောက် ပြီး ခုနင်က ဉာဏ်သုံးဆင့်နဲ့တက်ပြီးသကာလ သွားလို့၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တည်တာနဲ့ ဘယ်သူကများတုံး. . . (ဒေသနာဉာဏ် အစဉ်လျှောက်လာသူက များပါတယ်ဘုရား)။

## တရားပွဲထဲမှာ ကျွတ်တမ်းဝင်ကြတယ်

တရားတစ်ပွဲ၊ တစ်ပွဲမှာ ဘယ်လောက်ကျွတ်တယ်ဆိုတဲ့ဥစ္စာ၊ ဒကာဒကာမတွေ ဒေသနာဉာဏ်အစဉ်လျှောက်ပြီး၊ ခန္ဓာထဲက ဉာဏ်ကပွားများမှုရောက်သွားလို့သာ ဦးဘကြည် ကျွတ်တမ်းဝင်ကြတာပေါ့ဗျာ (မှန်လှပါဘုရား) အဲဒီတော့ တရားနာရင်းလို့ ဓမ္မပဒကရေးပြောသော်လည်း၊ ခင်ဗျားတို့ကတရားနာရင်ဘယ်လိုနာဆိုတာကိုလည်း ကိုယ်ကဝေဖန်မှတ်သားပါ၊ သဘောကျပလား. . . (ကျပါပြီ)။

တရားနာရင်းဒေသနာဉာဏ်အစဉ်လျှောက်ပြီးသကာလ၊ ကိုယ့်ဉာဏ်ကိုခိုင်းခန္ဓာပေါ်မှာ "ဉာဏံပေသေန္တဿ" ဆိုသဖြင့် ဉာဏံ =ဉာဏ်ကို၊ ပေသေန္တဿ=ခန္ဓာပေါ်၌ခိုင်းပါ။

## နားကကြားတာကို ခန္ဓာမှာဉာဏ်နဲ့ကြည့်

နားကကြားတာကို ကိုယ့်ဉာဏ်နဲ့ခန္ဓာပေါ်မှာ ဉာဏ်ကိုခိုင်းကြည့်လို့ရှိရင်ဖြင့်"ဉာဏုတ္တရဿဟောတိ"လို့ဆိုသဖြင့် ထက်တဲ့ဉာဏ်ကြီးပေါ်လာလိမ့်မယ်၊ ဒီထက်တဲ့ဉာဏ်သည် ကားဆိုလို့ရှိရင်ဖြင့် သစ္စာသိတဲ့ဉာဏ်ဖြစ်ပြီး၊ သစ္စာသိအောင် တက်လို့ရှိရင်လည်း သည်ပွဲတွင် ကိစ္စပြီးမယ်လို့မှတ်ပါ။

## ဘုရားလက်ထက်ကဟောနည်း

ဘာမှ ခင်ဗျားတို့အားငယ်စရာမလိုဘူး၊ ဒါကတော့ ဦးဘကြည်တို့ဦးချစ်ခတို့ ဘုရားလက်ထက်ကဟောနည်းကို ပြောပါတယ် (မှန်လှပါဘုရား) ဆင်ခြေတော့မလဲကြနဲ့။

ဩော်-သူတို့တွေက ရှားမီးခဲကြီးတွေ မီးခဲပြာဖုံးနေတာလို့ ဒီလိုမယူနဲ့၊ ဒီလိုယူလိုက်တော့ ခင်ဗျားတို့က အားပျော့သွားတယ်၊ ဒီလိုယူလိုက်တော့ ဦးဘကြည်တို့ အားပျော့မသွားဘူးလား. . . (ပျော့သွားပါတယ်ဘုရား)။

## ခင်ဗျားတို့ဘုရားနဲ့တွေ့ပြီးသားလူတွေ

သူတို့ကရင့်ကျက်ပြီးသားတွေ၊ အသာကလေးနဲ့ကိစ္စပြီးရုံကျန်တော့တယ်၊ ဒို့ကအခုမှ အစပျိုးရတယ်လို့ ဒီလိုမယူလိုက်ပါနဲ့၊ ခင်ဗျားတို့ ဂရိဝါဠုသဲစုမက ဘုရားတွေ တွေ့ပြီးသား၊ ကြုံပြီးသားလူတွေလို့ ဆုံးဖြတ်ချက်ချ။

မတွေ့မကြုံရင် ဒီဘဝလူကိုမဖြစ်ဘူး၊ ဖြစ်ပါ့မလား. . . (မဖြစ်ပါဘုရား) လူဖြစ်ပြန်တော့လည်း၊ ဘာသာအမျိုးမျိုးရှိတဲ့အနက် ဗုဒ္ဓဘာသာဖြစ်ဖို့ အတော်ခဲယဉ်းတယ်။

## တိုဟာပါရမီရင့်ပြီးသားပုဂ္ဂိုလ်

ဗုဒ္ဓဘာသာဖြစ်ပြန်တော့လည်း တောသူ တောင်သားတွေလို၊ တောဘုန်းကြီး တောဆရာနဲ့ လျှုဒါန်းပေးကမ်းပြီးရင် နိဗ္ဗာန်ရောက်တာပဲကွာ၊ ဒို့လည်းဒီလိုလာခဲ့တယ်၊ ရှေးဘုန်းကြီး ရှေးဒကာကြီးတွေလည်း ဒီလိုသွားတာပဲဆိုတဲ့၊ ဒီတရားမျိုးကော ဟုတ်ရဲ့လား. . . (မဟုတ်ပါဘူး) မဟုတ်ပါဘူးတဲ့။

အခုခင်ဗျားတို့တရားထူးနဲ့လည်းတွေ့ရတာ ထောက်ကြည့်တော့၊ ဒါဖြင့် တို့ပါရမီဟာ ရင့်ပြီးသား၊ နုသေးလားဆိုတာ ဝေဖန်ဖို့မလိုတော့ပါဘူး။

## သစ္စာဟောတတ်တဲ့ဆရာနဲ့တွေ့ပြီ

ဒီဆရာကောင်း သမားကောင်းနဲ့တွေ့လို့ ကြုံလို့၊ ကလျာဏမိတ္တ သစ္စာဟောတတ်တဲ့ဆရာနဲ့တွေ့ကတည်းကိုက၊ ခင်ဗျားတို့ဟာ တရားကျင့်ရုံပဲ ကျန်တော့တယ်ဆိုတာ၊ ကိုယ့်ကိုယ်ကိုယ်ဆုံးဖြတ်ချက်ချ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား) အားလုံးဒကာ ဒကာမတွေ သဘောကျပလား . . . (ကျပါပြီဘုရား)။

ကိုယ့်ပါရမီကို နုသေးသလားလို့မတွေးပါနဲ့၊ လူ့ဘဝရခဲတယ်၊ မရခဲတယ်ဆိုတာ ဆရာတိုင်းခင်ဗျားတို့ကို ပောသွားပြီ၊ လူ့ပြည်က အပ်တစ်စင်း၊ ဗြဟ္မာ့ပြည်က အပ်တစ်စင်းဆိုတာ ပောသွားပြီ။

လူ့ဘဝရပြန်တော့ "သဒ္ဓါသမ္ပတ္တိဘာဝေါဒုလ္လဘော" ရပါရဲ့လားလို့ မေးကြည့်ပါဦး။

## အလွန်ရခဲတဲ့အတိဒုလ္လဘ

"သဒ္ဓါသမ္ပတ္တိ" မရှိရင် ဒီဘုန်းကြီးရှိတဲ့ဆီကို၊ ဒကာ ဒကာမတွေ တစ်ယောက်မှ မရောက်ဘူး၊ ရောက်ပါမလား (မရောက်ပါဘုရား) မရောက်နိုင်ဘူးတဲ့။

"မနုဿတ္တဘာဝေါဒုလ္လဘော၊ ပဗ္ဗဇိတဘာဝေါဒုလ္လဘော၊ သဒ္ဓါသမ္ပတ္တိဘာဝေါဒုလ္လဘော၊ သဒ္ဓမ္မဿဝနံအတိဒုလ္လဘံ" ဆိုတာလည်း၊ သစ္စာတရားကို နာနေရတဲ့အတွက်၊ အတိဒုလ္လဘံ၊ အလွန်ရခဲတဲ့အထဲလည်း ခင်ဗျားတို့ပါနေပြီလား၊ မပါသေးဘူးလား. . . (ပါနေပါပြီဘုရား)။

## ငါးပါးပြည့်စုံနေကြပြီ

ဒါဖြင့် ခင်ဗျားတို့ကိစ္စက၊ အခုဘုန်းကြီးသင်တဲ့အတိုင်း ပွားရုံကလေး တစ်ခုပဲကျန်တော့တယ်၊ ကျန်တာတွေစုံပြီးသား၊ နောက်ဘာမှ သံသယမရှိနဲ့တော့၊ ကျွတ်ထိုက်လို့ ကျွတ်တယ်လို့ အားလုံးဆုံးဖြတ်ချက်ချကြပါ။

ဘာမှအားငယ်နေစရာမလိုဘူးတဲ့၊ ဒုလ္လဘတရားငါးပါးမေးချင်တာနဲ့ မေး ခင်ဗျားတို့အကုန်စုံနေကြပြီ၊ မစုံဘူးလား. . . (စုံပါပြီဘုရား)။

## သက်န်းဝတ်တာကို၊ ပဗ္ဗဇိတဆိုတာမဟုတ်ဘူး

ပဗ္ဗဇိတဘာဝေါဒုလ္လဘောဆိုတာ၊ ခင်ဗျားတို့သင်္ကန်းဝတ်တာကို ပဗ္ဗဇိတဆိုတာမဟုတ်ဘူး၊ "သံသရာဘယံဧဟိဘိက္ခု" **သံသရာဘေးကြောက်ပြီး တော့ အလုပ်လုပ်တဲ့လူဟာ ဘိက္ခုချည်းပဲ** (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ပဗ္ဗဇိတဘာဝဒုလ္လဘကလည်း သံသရာဘေးကြောက်တဲ့ ပုဂ္ဂိုလ်ဟာ ပဗ္ဗဇိတဘာဝဒုလ္လဘထဲ အပါအဝင်ဖြစ်နေတော့၊ ဒကာ ဒကာမတွေ ဒီနေ့ညအားပေးတယ်လို့ မယူနဲ့ဖြစ်ထိုက်ပြီလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ) အားပေး တယ်လို့ယူလို့ရှိရင်ဖြင့်၊ ဩဝ်-ဘုန်းကြီးက အပြောကောင်းလို့ ဒကာ ဒကာမတွေ ယဉ်ကျေးအောင်လို့ စိတ်ဓာတ်တက်ကြွအောင်လို့ ပြောတယ်လို့ ဒီလိုမယူပါနဲ့ (မှန်ပါ့ဘုရား) အားပေးတယ်လို့ ယူလို့ရှိရင်ဖြင့် မှားလိမ့်မယ်။

## ရှေးကစကားတွေနားမယောင်နဲ့

ကိုယ့်အဖြစ်ကိုဝေဖန်ကြည့်လို့ အခုပြောတဲ့အတိုင်း အင်္ဂါညီ၊ မညီသာ အကဲခတ်ပါ၊ ကိုထွန်းဦးဘယ့်နှယ်ဆုံးဖြတ်မလဲ. . . (ညီပါတယ်ဘုရား)၊ အင်မတန်ညီပြီးသကာလနေတော့ ကျုပ်တို့သည် ရှေးစကားတွေနားထောင် မနေပါနဲ့ ပါရမီဆိုတာ တစ်စ၊ တစ်စဖြည့်ရမယ်၊ ဒါကိုနားမယောင်နဲ့၊ ဒါကို နားမယောင်ဖို့ မနေ့က ဦးဘကြည်တို့ကို ထိန်းပေးလိုက်ပြီ။

## သစ္စာပွားရင်ကိလေသာခန်းတယ်

သစ္စာနာရင်ကိလေသာခြောက်တယ်၊ သစ္စာပွားရင် ကိလေသာခန်း တယ် (မှန်လှပါဘုရား)၊ ဒါဖြင့် ကိုယ်တိုင်တွေ့တာလား၊ သူများပြောသံကြား လား (ကိုယ်တိုင်တွေ့ပါဘုရား)၊ အဲဒီတော့ ကိုယ့်ပါရမီ ဘယ်လိုတုံးလို့ မေးစရာ လိုသေးလား. . . (မလိုပါဘုရား)။

မလိုတော့ ဒီဒကာ ဒကာမတွေ၊ ဟို-ကျမ်းမစုံဘဲနဲ့၊ ကိုယ်တိုင်အလုပ် မလုပ်ဘဲနဲ့၊ ဒီလိုပုဂ္ဂိုလ်တွေပြောတာကို ခင်ဗျားတို့ နားဆုံးနေရင်တော့ မှားလိမ့်မယ်။ မမှားပေဘူးလား. . . (မှားပါတယ်ဘုရား) မှားမယ်တဲ့။

## ဘုရားပရိနိဗ္ဗာန်မစံသေးဘူး

ဆရာသမားကိုယ်တိုင်ပဲ အခုစစ်ကြည့်လိုက်တော့ ဒုလ္လဘတရားငါးပါးမှာ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘောရောက်ပါ့မလား. . . "ဗုဒ္ဓုပ္ပါဒ ဆိုတာငါဘုရားမရှိက ငါဘုရား၏ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင် မင်းတို့ဆရာတွေအဖြစ် ရှိရစ်လိမ့်မယ်" ဆိုတော့ ဘုရားပရိနိဗ္ဗာန်မစံသေးဘူး၊ စံပလား (မစံသေးပါဘုရား)။

## ဘယ်အခါမှ ရဟန္တာမဆိတ်သုဉ်းဘူး

တစ်ခါ ဒီအချိန်မှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်မဖြစ်တော့ဘူးဆိုပြန်တော့လည်း၊ သုဘဒ်ရဟန်းကို သေခါနီးဘုရားက ဟောခဲ့တာလည်း အထင်အရှားပဲ၊ **ဣမေစသုဘဒ္ဒ ဘိက္ခူသမ္မာဝိဟာရေယျုံ၊ အသုညောလောကော အရဟန္တေဟိအဿ**" ဒီလိုသာ သစ္စာတရားဟောလို့၊ သစ္စာတရားကို ကျင့်ကြံလို့ရှိရင် ဘယ်အခါမှ ရဟန္တာ မဆိတ်သုဉ်းဘူးလို့ အမိန့်တော် မမှတ်ခဲ့ဘူးလား (မှတ်ခဲ့ပါတယ်ဘုရား)။

## ဘုရားက တစ်ခွန်းနဲ့အမှန်ပြောလေ့ရှိ

အဲဒါတွေထောက်ကြည့်တော့ ဒကာ ဒကာမတွေ ဘုန်းကြီးက အားပေးတာလား၊ ဘုရားကနှစ်ခွန်းသောစကားကို မပြောဘဲနဲ့ တစ်ခွန်းနဲ့အမှန်ပြောတတ်တဲ့ပုဂ္ဂိုလ်က ပြောတာလားဆိုတာ ခင်ဗျားတို့ဝေဖန်ကြည့် (တစ်ခွန်းနဲ့ အမှန်ပြောတတ်တဲ့ပုဂ္ဂိုလ်က ပြောတာပါဘုရား)။ ဘုရားက နှစ်ခွန်းမပြော

ဘူး၊ တစ်ခွန်းနဲ့ဘာပြောလေ့ရှိသလဲ. . . (အမှန်ပြောလေ့ရှိပါတယ်ဘုရား)။

အဲဒီစကားတွေကို အခုဘုန်းကြီးက အကိုးအကားထားဟောတော့၊ ငါတို့ဟာ ဖျင်းလိုက်တာနဲ့၊ ပျင်းလိုက်တာနဲ့ စာတစ်လုံး ပေတစ်လုံးမတတ်ဘဲနဲ့ လာတော့၊ တရားနာပြီးသကာလနေရတယ်လို့ မဆိုလိုက်ပါနဲ့၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ကလျာဏမိတ္တနဲ့တွေ့ရင်သောတာပန်တည်ရမယ်

မဆိုလိုက်ပါနဲ့တဲ့၊ ကလျာဏမိတ္တနဲ့တွေ့ရင် သောတာပန်တည်ရမယ် ဆိုတာပါပြီးသား၊ သဘောကျပလား (ကျပါပြီဘုရား)၊ တရားစာတစ်လုံး ပေတစ်လုံး မတတ်ဘဲနဲ့ ခင်ဗျားတို့က စာခေတ်မှာမွေးလာတော့ စာအားကိုး တာပေါ့ ဦးဘကြည်ရ. . . (မှန်ပါ့ဘုရား)။

စာဟာဘုရားရှိတုန်းကပေါ်ပြီလား၊ ပရိနိဗ္ဗာန်စံပြီး ခုနှစ်လကြာမှ သင်္ဂါယနာတင်မှ စာပေါ်သလား၊ ခင်ဗျားတို့ အဲဒီနှစ်ခုပဲဝေဖန်ကြည့်ပါ ဦးဘကြည်ရ (မှန်ပါ့) ဘုရားရှိတုန်းက စာတွေသင်္ဂါယနာတင်သလား၊ ဘုရားမရှိမှတင်သလား၊ ဘုရားမရှိမှ (တင်ပါတယ်ဘုရား)၊ စာတွေသင်္ဂါယနာတင်တယ် ဆိုတာ စာရှိတာကိုးဗျ၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါဖြင့်ဘုရားပွင့်တာနဲ့စာရှိတာနဲ့ ဘယ်သူကရှေ့၊ ဘယ်သူကနောက်တုံး (ဘုရားပွင့်တာကရှေ့၊ စာရှိတာကနောက်ပါဘုရား) စာရှိတာက နောက်ကျ တယ်။

ဒါဖြင့် ဘုရားပွင့်ပြီး၊ ဘုရားဖြစ်တုန်းကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ် တွေစာမပါဘူး (မပါပါဘုရား) ပါကြရဲ့လား. . . (မပါပါဘုရား) သေသေ ချာချာဝေဖန်ပါ။

စာကဟိုနေရာတစ်ပုဒ်၊ ဒီနေရာတစ်ပုဒ်ရှင်အာနန္ဒာစုထားတယ်၊ ရှင်အာနန္ဒာစုထားခဲ့တာ၊ နောက်ရဟန်းကြီးတွေ ဘာတွေက၊ ဘုရားမရှိတော့

တော်အောင်လျော်အောင်နေပြီး၊ နေချင်သလိုနေ၊ စားချင်သလိုစား၊ ဝါးချင်သလို ဝါးတာပဲ။

ဘုရားမရှိတော့ ဟိုဟာမတော်ဘူး၊ ဒီဟာတော်တယ်လို့၊ ဟိုနေရာပညတ်၊ ဒီနေရာပညတ်ကြတယ်၊ အဲဒီတော့မှ စာတွေစုဖို့လိုတယ်ဆိုပြီးစာတွေပြန်စုတာ၊ စာတွေစုဖြစ်တဲ့အချိန်ကျတော့ ဘုရားပရိနိဗ္ဗာန်စံပြီးပြီ၊ သင်္ဂြိုဟ်ပြီးပြီ၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

## ဒေသနာဉာဏ်နဲ့ကျွတ်တမ်းဝင်ကြတာ

ဒါဖြင့် ဘုရားလက်ထက်က စာမတတ်တဲ့ပုဂ္ဂိုလ်တွေ ကျမ်းစုံမတတ်တဲ့ပုဂ္ဂိုလ်တွေသည်၊ ဒေသနာဉာဏ်နဲ့ ကျွတ်တမ်းဝင်တဲ့ပုဂ္ဂိုလ်တွေများလေရဲ့လို့ ဆုံးဖြတ်ချက်ချ (မှန်လှပါဘုရား) ဆုံးဖြတ်ချက်ချနိုင်ပြီမလား. . . (ချနိုင်ပါတယ်ဘုရား)။

တရားကိုမဟောရသေးဘူး၊ ဒကာ ဒကာမတွေ တရားမဟောရသေးဘူးတဲ့၊ အားက၊ နဂိုကတည်းက ဆုတ်ယုတ်နေတဲ့ပုဂ္ဂိုလ်တွေရှိသေးတယ်၊ မင်းကြီးဦးကောင်းတို့ အင်္ဂလိပ်ဘက်ကလက်နက်တွေ ထုတ်ပြရုံနဲ့ ဒီမှာမတိုက်နဲ့တော့ဆိုလိုက်တာ စိတ်အားနှိမ့်ပစ်လိုက်တာ၊ စိတ်အားနှိမ့်ပစ်လိုက်တော့ ဘာမှသေနတ်တစ်ချက်မှ မဖောက်ရဘဲနဲ့တိုင်းပြည်ကိုပေးလိုက်ရတယ်။

အဲဒီတော့ ခင်ဗျားတို့လက်နက်ချင်းပြိုင်ရလို့လား၊ စိတ်အားနိမ့်သွားလို့လား (စိတ်အားနိမ့်သွားလို့ပါဘုရား)၊ စိတ်အားနိမ့်သွားတဲ့အခါပွါယ်ဟာကြောက်စရာမကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)။

## သာမညပုဂ္ဂိုလ်တွေပြောတဲ့စကား

အဲဒီတော့ ရှေးကကြားဖူးတာတွေက သာမညဆရာတွေ၊ သာမညပုဂ္ဂိုလ်တွေဟော့. . . ၊ မင်းတို့က လူဝတ်ကြောင်နဲ့၊ ဒို့ကသက်န်းကြီးဝတ်နေတာ

နှစ်ပေါင်းလေးငါးခြောက်ဆယ်ရှိတာတောင် လုပ်ရတုန်းရှိသေးတယ်၊ ဘာမှ မမြင်သေးဘူး၊ ပြောချင်လည်းပြောမယ် ဦးဘကြည်. . . (ပြောပါတယ်ဘုရား) မပြောပေဘူးလား. . . (ပြောပါတယ်ဘုရား)။

ဒီလိုပြောတာတွေထောက်လိုက်ပြန်လို့ရှိရင်၊ အင်း. . . ဒီကိုယ်တော်ကြီးတွေ အရိုးကြေကြေအရေခြောက်ခြောက်၊ သားတွေမယားတွေ စွန့်ပြီး သကာလ သင်္ကန်းဝတ်လာတာတောင်မှ ဒီအခြေအနေသာရောက်သေးတယ်၊ ဒို့ဖြင့်ဝေးပါသေးသကွာဆိုတော့ စိတ်အားငယ်သွားတယ်၊ စိတ်အားငယ်သွားတာ သေချာပလား. . . (သေချာပါတယ်ဘုရား)။

## ကိုယ့်ဘဝအရှုံးမခံလိုက်ပါနဲ့

ဒါဖြင့် ဒီလိုစိတ်ငယ်တဲ့သတ္တိဟာ၊ မင်းကြီးဦးကောင်းတိုင်းပြည်အပ်လိုက်တာနဲ့ အတူတူပဲ၊ ကိုယ့်ဘဝအရှုံးခံလိုက်တာ၊ ဒကာ ဒကာမတွေ နားလည်ကြပလား. . . (နားလည်ပါပြီဘုရား)။

ခင်ဗျားတို့က သာဆိုးသေးတယ်၊ ယောက်ျားတွေတောင် တဖားဖားနဲ့ အတော်လုပ်ရမှာ၊ မိန်းမဆိုတာ အင်း. . . အသွားအလာနည်းဗဟုသုတနည်း၊ အိမ်တွင်းမှုကိစ္စနဲ့မို့၊ ဒို့ကသာပြီးခက်မှာပဲလို့၊ သူတို့ကပိုပြီးစိတ်ငယ်လိုက်သေးတယ်၊ မငယ်ဘူးလား. . . (ငယ်ပါတယ်ဘုရား)။

## စိတ်အားငယ်ရင်နောက်ဆုတ်သွားတယ်

အဲဒါတွေစိတ်ငယ်မှုကြောင့်ပဲ၊ ဒကာ ဒကာမတွေခင်ဗျားတို့ရဲ့ လိုရင်းအလုပ်ဟာ လက်ကိုင်မရခင်က နောက်ဆုတ်သွားတယ်. . . (မှန်လှပါဘုရား) မဆုတ်ဘူးလား. . . (ဆုတ်ပါတယ်ဘုရား)။

ဒါတွေကိုလည်း ဘုန်းကြီးကမပြောလို့ ပညာရှိတဲ့ပုဂ္ဂိုလ်၊ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်၊ ဝေဖန်တတ်တဲ့ပုဂ္ဂိုလ်တွေက၊ မဝေဖန်ဘဲသွားမယ်ဆိုရင်၊ ခင်ဗျားတို့

အင်မတန်အားငယ်နေမယ် (မှန်လှပါဘုရား) မငယ်ပေဘူးလား. . . (ငယ်ပါတယ်ဘုရား) ဒီလိုငယ်နေတဲ့ပုဂ္ဂိုလ်တွေ ကိုထွန်းဦး လျှောက်ရှာအများကြီးတွေ့တယ်၊ ဦးဘကြည်မတွေ့ပေဘူးလား. . . (တွေ့ပါတယ်ဘုရား)။

ကျုပ်တို့ဆရာဖြင့် ကျုပ်တို့ကိုးကွယ်ပြီးကျောင်းထိုင်နေတာကြာလှပြီ၊ ဒီဆရာကြီးတောင်မှ ရဟန္တာမဖြစ်သေးဘူးဆိုပြီးသကာလ၊ ကျုပ်တို့လိုပုဂ္ဂိုလ်ပါမွှားဆိုရင်တော့ ခက်ရချေရဲ့ ဆိုပြီးနောက်ဆုတ်နေတာ တစ်ပုံးကြီးပဲ၊ မဆုတ်ပေဘူးလား. . . (ဆုတ်ပါတယ်ဘုရား)။

## ပါရမီပြည့်ပြီးသားတွေ့မှ

အဲဒါတွေက ဒကာ ဒကာမတို့၊ အကြောင်းကိုလည်း ဒီဆရာက လုံလောက်အောင်မပြနိုင် မပြနိုင်တော့ ငါတောင်မှ မဖြစ်သေးဘူးဆိုတော့၊ အကြောင်းကလည်း လုံလောက်အောင် မပြနိုင်တဲ့အထဲမှာ၊ ငါတောင်မှ မဖြစ်သေးဘူးဆိုတော့၊ ငါ့ကိုမှီခိုတာတွေ အဝေးကြီးကျန်သေးတယ်ဆိုတာကို၊ ကိုယ့်စိတ်ကိုကနောက်ဆုတ်သွားတာကို၊ မဆုတ်ပေဘူးလား ဒကာဒကာမတို့. . . (ဆုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီနေ့ညမှာ တရားမဟောမီ၊ ရှေးအဖို့ကာလ၌ အားတက်လုံးကို ပြောနေတာလားလို့ ခင်ဗျားတို့ကိုမေးရလိမ့်မယ်နော်၊ အားတက်လုံးကို ပြောနေတာမဟုတ်ပါဘူး၊ ခင်ဗျားတို့လုပ်လို့ရှိရင် ခင်ဗျားတို့ပါရမီခင်ဗျားတို့ မရေတွက်တတ်လို့၊ ပါရမီတွေပြည့်ပြီးသားလို့ ဘုန်းကြီးကထောက်ခံချက်ပေးတာ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဘယ်လိုကြောင့်နိဗ္ဗာန်မရောက်တာတုံး

နိဗ္ဗာန်မရောက်တာလည်း ဘယ်လိုကြောင့်မရောက်တယ်ဆိုတာက ခင်ဗျားတို့သစ္စာဆိုက်တဲ့တရားမနာဖူးခဲ့ကြလို့ပဲ၊ ဒီလိုသစ္စာတရားနဲ့ ဒီလိုဥစ္စာက

မနာရတော့ကွယ်ခဲ့ပြီ၊ ရိပ်မိပလား၊ ရိပ်မိပါပြီ၊ ကွယ်ခဲ့လို့မရောက်တာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် အားငယ်စရာများပါရဲ့လား. . . (မပါပါဘုရား)၊ အဲ. . . ပျင်းတဲ့ပုဂ္ဂိုလ်နဲ့ ဖျင်းတဲ့ပုဂ္ဂိုလ်ဆိုရင်တော့၊ မဂ်ဖိုလ်တားခြင်းအကြောင်းမှာ . . .

၁။ ပါပမိတ္တနဲ့ ပေါင်းလို့ မကောင်းတဲ့ပုဂ္ဂိုလ်နဲ့ပေါင်းလို့ မဂ်ဖိုလ်ရခြင်းမှ ဆုတ်ယုတ်သွားတာတစ်မျိုး၊

၂။ ပျင်းမှု ဖျင်းမှုကြောင့် ဆုတ်ယုတ်တာတစ်မျိုး၊ ပါရမီပါပြီးသား ရှိငြားသော်လည်း၊ မဂ်ဖိုလ်တားတယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒို့ဟာဘယ်အထဲကတုံး

မကောင်းတဲ့ပုဂ္ဂိုလ်နဲ့ပေါင်းပြီး ဆုတ်ယုတ်တာတစ်မျိုးနော်၊ ပျင်းမှု ဖျင်းမှုကြောင့် မဂ်ဖိုလ်မှ အချည်းနှီးဖြစ်ရတာကော မရှိဘူးလား. . . (ရှိပါတယ်ဘုရား) အဲဒီတော့ ဒို့ဟာဘယ်အထဲကတုံးလို့မေးသည်ရှိသော်၊ ပါပမိတ္တနဲ့ မပေါင်းဘူး၊ ဆရာကောင်းနဲ့ပေါင်းနေတာ. . . (မှန်လှပါဘုရား) အင်္ဂါပြည့်ပါ့မလား. . . (ပြည့်ပါပြီဘုရား)။

ဘာအင်္ဂါကျန်နေတုံးဆိုတော့ ပျင်းမှု ဖျင်းမှုလေးကျန်တယ်၊ ရှင်းပလား (ရှင်းပါပြီ)၊ ဒကာ ဒကာမတို့ဘာလေးကျန်နေတုံး. . . (ပျင်းမှု ဖျင်းမှုလေးပါဘုရား) အဲဒါလေးကိုတော့ တာဝန်ယူကြပါလို့ ဦးဘကြည်တို့ကို ပြောရတယ်၊ မပြောထိုက်ဘူးလား. . . (ပြောထိုက်ပါတယ်ဘုရား)။

ပျင်းမှု ဖျင်းမှုကလေးကတော့၊ ဒါမဂ်ဖိုလ်အန္တရာယ်ဖြစ်ထိုက် မဖြစ်ထိုက်ဆိုတာကိုလည်း၊ ဦးထွန်းဦးပြောဖို့မလိုတော့ဘူး (မလိုပါဘုရား) ဒီတော့ ပျင်းမှု ဖျင်းမှုရှိနေလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ဒကာ ဒကာမတွေ၊ ရနိုင်မယ်မဟုတ်ဘူးဆိုတာကော ကျေနပ်ကြပလား. . . (ကျေနပ်ပါတယ်ဘုရား)။

## စိတ်ပျက်နေရင်တရားမရ

ဒါဖြင့် ယနေ့ညမှာဖြင့် ဘယ်ဟာစရမယ်၊ စခြင်းစတော့ တရားဟောတာ စတာလား၊ ကျင့်နည်းကိုစတာလားလို့ ဒိုဆုတ်နစ်နေတဲ့စိတ်ကို မဆုတ်နစ်ရအောင်ဟောပြောတာလား၊ ဒါမေးပါ (မဆုတ်နစ်ရအောင်ဟောတာ) မဆုတ်နစ်အောင်ဟောတာ။

ဆုတ်နစ်နေလို့ရှိရင်ဘုန်းကြီးက ရက်ပေါင်းတစ်ရာဟော၊ ခင်ဗျားတို့က ဆုတ်နစ်နေတဲ့စိတ်နဲ့သာလိုက်လုပ်ပြီး၊ ဖြည်းဖြည်းမှလုပ်ရမှာပဲ၊ တစ တစ ဒီလိုပဲ ပါရမီဖြည့်ရမှာပဲဆိုပြီး သကာလ၊ ခင်ဗျားတို့က ဆုတ်နစ်တဲ့စိတ်တွေနဲ့ နေရင်ဘယ်တော့မှ မရဘူး၊ ရပ့်မလား. . . (မရပါဘုရား)။

## ဆုကြီးပန်မဟုတ်ရင်၊ ပါရမီမလိုဘူး

အဲဒီတော့ ရှေးကပြောထားတာတွေက ပါရမီတစ တစဖြည့်ရတယ်ကွ၊ ဒီအသံတွေလည်း ခင်ဗျားတို့နားထဲမှာဝနေတယ်၊ မဝဘူးလား (ဝပါတယ်ဘုရား) အဲဒီတော့ ဆုထူးပန်မဟုတ်ခဲ့သော် ပါရမီ မလိုဘူး၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက၊ ပစ္စေက ဗုဒ္ဓါဘုရားတွေသာ ပါရမီလိုတယ်၊ အခု တပည့်တော်တို့ရရင်ယူမယ်ဆိုတဲ့ သာဝကမှာ ပါရမီမရှိဘူးကွ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အခုနိဗ္ဗာန်ရရင်အခုယူမယ်၊ အခုအပါယ်လေးပါးတံခါးပိတ်ရင်၊ အခုကြိုက်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ ပါရမီမရှိဘူး၊ ပါရမီမရှိရင် ဘာလုပ်ရမှာတုံးဆိုတော့၊ မနေ့ကပြောခဲ့တဲ့ သစ္စာနာမှု သစ္စာကို ယောနိသောမနသိကာရနဲ့ နှလုံးသွင်းမှုရယ်လိုတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား) အဲဒါ သာဝက ပါရမီ ဉာဏ် စတာပဲ၊ ထားပါတော့။

## ဂုဏ်ထူးဘွဲ့ထူးတွေငဲ့လို့ပါ

ကျန်တဲ့ဘုရားတွေ၊ ဘာတွေတော့ ဖြည့်ရမှာပေါ့၊ လေးသင်္ချေ၊ နှစ်သင်္ချေ၊ လုပ်ကြရမှာပေါ့ဗျာ၊ သူတို့ကဘာကြောင့် ဒီလောက်လုပ်ရတုံး ဆိုတော့ ဂုဏ်ထူးဘွဲ့ထူးတွေငဲ့လို့၊ ရှင်းပလား (ရှင်းပါပြီဘုရား) သူတို့က ဘာငဲ့လို့ပါလိမ့် (ဂုဏ်ထူးဘွဲ့ထူးတွေငဲ့လို့ပါဘုရား)။

လက်ဝဲရံကွ၊ လက်ယာရံကွဆိုတော့ သူ့ရဲ့ဆုတောင်းကိုက၊ တစ်ခါတည်း ဘယ်လက်ယာရံမြင်လို့၊ ဘယ်လက်ယာရံဆုတောင်းတယ်ဆိုတာ၊ သူတို့ဝတ္ထု၊ အတ္ထုပ္ပတ္တိကို လျှောက်ကြည့်ရင်၊ ခင်ဗျားတို့အဲဒါပါလေရဲ့၊ (မှန်လှပါဘုရား)၊ မပါဘူးလား (ပါပါတယ်ဘုရား)၊ ဒါဖြင့် ဂုဏ်လိုချင်တဲ့ပုဂ္ဂိုလ်မို့ကြာတာ၊ ဟုတ်လား (မှန်လှပါ)။

အာသဝေါ်ငြိမ်းရင်ပြီးရောဆိုတဲ့ ပုဂ္ဂိုလ်ကျတော့. . . (မကြာပါဘူး ဘုရား) ကြာစရာလိုသေးသလား. . . (မလိုပါဘုရား) ဒါဖြင့် သာဝကပါရမီ ဉာဏ်မှာ "ပေဋကောပဒေသ" ဟောတာကျေနပ်ပလား. . . (ကျေနပ်ပါပြီ ဘုရား)၊ သာဝကသာဆိုရင်၊ နိဗ္ဗာန်ရတဲ့အချိန်ယူပဲ့မယ်ဘုရား၊ အပါယ်လေးပါး တံခါးပိတ်ရင်ပြီးရော။

နိဗ္ဗာန်ရတဲ့အချိန်သာ ယူမယ်ဆိုလို့ရှိရင်ဖြင့်၊ သစ္စာတရားသာနာ၍ သစ္စာတရားသာ နှလုံးသွင်းတော့ ရက်ပိုင်း၊ လပိုင်းမရှိဘူးကွ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## တစတစလုပ်ရတယ်ဆိုတော့

အဲဒါ တစတစလုပ်ရတယ်ဆိုတဲ့၊ ဟောပြောချက်များနဲ့ကွာ မသွားဘူး လား၊ အဲဒီတော့ တစတစလုပ်ရမယ်ဆိုတဲ့အခါကျတော့ ပါရမီလည်း နည်းနည်းဖြည့်လိုက်၊ နောက်နှစ် နည်းနည်းဖြည့်လိုက်၊ ဟိုနှစ်နည်းနည်းဖြည့် လိုက်၊ ဟိုဘဝနည်းနည်းဖြည့်လိုက်နဲ့ ဆုံးပါဦးမလား. . . (မဆုံးပါဘုရား)။

မဆုံးတဲ့အပြင် ဘုန်းကြီးက ရှင်းပြဦးမယ်၊ အမေအဖေရဲ့ ဝမ်းခေါင်းက ပြောင်းလိုက်သေးတယ် (မှန်လှပါဘုရား) တဏှာအမေ အဖေနဲ့နေရင်၊ တဏှာအမေ အဖေနောက်လိုက်သွားရင်၊ ကျန်တဲ့ပါရမီတွေ အလွဲသုံးစားဖြစ် မယ်၊ အမေကလည်းပြောင်းဦးမှာကိုးဗျ၊ အဖေကရော. . . (ပြောင်းမှာပါ ဘုရား)။ အဲဒီတော့ အဲဒါပြောင်းတာနဲ့ ပြည့်စရာမြင်သေးရဲ့လား. . . (မမြင်ပါ ဘုရား) အင်မတန်ရှည်တဲ့လမ်းပါလား။

ရှည်တဲ့လမ်းတောင်၊ ခရေစေ့တွင်းကျပြောပြန်တော့လည်း၊ မပြည့်နိုင်ဖို့များတယ်၊ မများဘူးလား. . . (များပါတယ်)၊ ခင်ဗျားတို့တရားနာတဲ့ ပုဂ္ဂိုလ်တွေပဲ စဉ်းစားပါတော့တဲ့။

## ပါးစပ်ပါရမီသာမှတ်

ဆရာဘုန်းကြီးကတော့ဖြင့် ခင်ဗျားတို့ ဒီအထဲမှာဘုရားဆုပန်တဲ့ ပုဂ္ဂိုလ်ပါခဲ့လို့ရှိရင် အနုလောမဉာဏ်ရအောင်လုပ်ပါ၊ ဘုရားဆုပန်လည်း လုပ်ရမှာပဲ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။ အဲ-သင်္ခါရုပေက္ခာဉာဏ်မှရအောင် မလုပ်နိုင်လို့ရှိရင်၊ ပါးစပ်ပါရမီသာမှတ်ပါ၊ အလုပ်ပါရမီမပြည့်ပါဘူး။

ကဲ-ဘုရားဆုပန်လည်းသည်ရောက်အောင် လုပ်ရမှာပဲ၊ ဘုရားဆုမပန်လို့၊ တပည့်တော်တို့ နိဗ္ဗာန်ရတာ တစ်ခုပဲ။ နိဗ္ဗာန်မှာလည်း ဘုရားနိဗ္ဗာန်၊ သာဝကနိဗ္ဗာန်၊ လက်ဝဲရံနိဗ္ဗာန်၊ အခြားလက်ယာရံနိဗ္ဗာန်လို့ အထူးမရှိဘူး၊ ငြိမ်းအေးတာ တစ်ခုတည်းပဲ. . . (မှန်လှပါဘုရား)။ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## မြန်မြန်ရောက်ချင်ဒီတရားလုပ်ပါ

အဲဒီတော့ တပည့်တော်တို့ကိုဖြင့် ဟိုမှာရမှာမထူးတဲ့အပြင်၊ အတူတူဖြင့် ဘုရား. . .၊ မြန်မြန်ရောက်တာအေးပါတယ်ဆိုရင် ဒီတရားလုပ်ပါ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သစ္စာနာမှု ပြီးတော့ကော. . . (သစ္စာနှလုံးသွင်းမှု)၊ ဒါသာကြိုးစားလုပ်ပေတော့။

ဒီလိုဆိုတော့ ရှေးစကားတွေလည်း အကုန်ပြေလည်သွားပြီ၊ ကိုထွန်းဦး ယုံကြည်ပလား. . . (ယုံကြည်ပါတယ်ဘုရား) ယုံကြည်ထိုက်ပြီနော်၊ ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ဒီတရားကို ဟောတော့မယ်။

## တရားနာနည်းသာမှန်ဖို့ အရေးကြီးတယ်

ဒါဖြင့် ဒို့သည်ကားဆိုလို့ရှိရင်ဖြင့် တရားနာနည်းသာမှန်ဖို့ အရေးကြီးတယ်၊ တရားနာနည်းမှန်ဖို့အရေးကြီးတယ်. . . (မှန်လှပါဘုရား)။ ဘယ်လိုမှန်ရမှာတုံး၊ ဒေသနာဉာဏ်ဝမ်းထဲရောက်အောင် သွင်းရမယ်. . . (မှန်လှပါဘုရား)။

ဒေသနာဉာဏ်ဝမ်းထဲရောက်အောင် သွင်းလိုက်တော့၊ ဝမ်းထဲက ဉာဏ်က သူ့ဒေသနာတွေကို ဖမ်းမထားပေဘူးလား. . . (ဖမ်းထားပါတယ်ဘုရား) မှတ်ထားတယ်၊ ဖမ်းထားတယ်၊ အဲဒီဖမ်းထားတဲ့ဉာဏ်နဲ့ ခန္ဓာကိုယ်ပေါ်မှာလိုက်လိုက်ပါ. . . (မှန်လှပါဘုရား)။ အင်း. . အဲဒီဒေသနာကို ခင်ဗျားတို့က၊ ဉာဏ်ကဖမ်းလိုက်၊ ဟိုရိကော်တာဖမ်းသလိုပေါ့ဗျာ. . . (မှန်လှပါဘုရား)။

## တရားနာလို့ဆုံးရင်ကိစ္စပြီးတယ်

ဖမ်းပြီးတော့မှ ရီကော့တာပြန်ဖွင့်သလို ခင်ဗျားတို့ခန္ဓာကိုယ်ပေါ်မှာ၊ ဉာဏ်ကဖြန့်ပြီး ဖြစ်ပျက်ရှုပေးပါ. . . (မှန်လှပါဘုရား)၊ မပြီးသေးဘူးလား (ပြီးပါပြီဘုရား) ဒီလိုဆိုရင်ဖြင့် တရားနာတဲ့အဆုံးမှာ ကိစ္စပြီးတယ်ဆိုတာ၊ ဘုရားလက်ထက်ကတည်းကဒါပဲ. . . (မှန်လှပါဘုရား)။

"ဒေသနာဉာဏာ နုသာရေန ဉာဏံပေသေန္တဿ
ဉာဏုတ္တရဿဟောတိ"

ဆိုတော့ ဒါကြောင့် သောတာပန်တည်တယ်ပြောတာ၊ ပေါ်ကြပလား (ပေါ်ပါပြီဘုရား) ဒါဖြင့် ခင်ဗျားတို့တရားနာနည်းကောရပလား. . . (ရပါပြီဘုရား) တရားဟောတော့ ကောင်းပါပေရဲ့ဆိုပြီး မပြန်ကြပါနဲ့၊ တော်ပါပေရဲ့၊ ရှင်းပါပေရဲ့၊ လင်းပါပေရဲ့ ဆိုတာက တရားနာတာမဟုတ် ဟုတ်သေးပါဘူး . . . (မှန်လှပါဘုရား)။

## တရားနာတတ်ကြပြီလား

ဒီကဟောတဲ့ဉာဏ်ကို ခန္ဓာကိုယ်ထဲထည့်လိုက်ပါ၊ ထည့်တော့ ခန္ဓာကိုယ်ထဲမှာရတဲ့၊ ဉာဏ်လေးကိုသိမ်းဆည်းထားတဲ့. . ဉာဏ်လေးနဲ့ ကိုယ့်ခန္ဓာကိုယ် ဖြစ်ပျက်တွေဝေဖန်ကြည့်ပါ၊ ကြည့်လိုက်လို့ရှိရင် ကြည့်တဲ့အဆုံးမှာ ဉာဏ်စဉ်တက်သွားမှာပဲ။

ဉာဏ်စဉ်ဆိုတာက ပြောတော့သာ (၁၆) ဉာဏ်၊ (၁၀) ဉာဏ်၊ အစရှိသဖြင့် ပြောနေတာ၊ စင်စစ်တော့ဖြင့် တစ်စက္ကန့်ဆိုရင် အကုန်ပြီးတာပဲ၊ မပြီးဘူးလား (ပြီးပါတယ်ဘုရား) အဲဒါအစဉ်ဆိုတော့ ကြာသပေါ့ဗျာ။

ကဲဒါဖြင့် တရားနာတတ်ကြပြီလား ဒကာ ဒကာမတို့. . . (နာတတ်ပါပြီဘုရား) ဘယ်လိုနာကြမယ် (ဘုန်းကြီးကဟောတာနားကနာပြီး၊ ဉာဏ်ကခန္ဓာ

စိုက်ရပါမယ်ဘုရား) အေး. . ပထမနားကနာပေါ့ဗျာ. . . (မှန်ပါ့ဘုရား) ရတဲ့ ဉာဏ်က ဘယ်လှည့်ရမယ် (ခန္ဓာလှည့်ရမယ်ဘုရား)။

## ဒေသနာအဆုံးသောတာပန်ဖြစ်ရမယ်

ခန္ဓာကိုယ်လှည့်လို့ရှိရင် ဒေသနာအဆုံး ဘာဖြစ်ရမယ်. . . (သောတာပန်ဖြစ်ရပါမယ်ဘုရား) မဂ်ဆိုက်ဖိုလ်ဆိုက်မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်ဘုရား)ရှေးကတရားနာနည်းက အခုလိုကောဟုတ်ကြရဲ့လား. . . (မဟုတ်ပါဘုရား) ရှေးကတော့ ဒီလိုမဟုတ်ဘူး၊ တရားပွဲထဲတွင်ပဲပြီးတော့တာပဲ . . . (မှန်လှပါဘုရား)။

ဒီနေ့ဗဟုသုတနည်းနည်းထည့်ပေးမယ်၊ ပြီးတော့ကို သုတ္တန်နည်းတွေမှာ ဘာတွေဟောထားသလဲလို့ မေးခွန်းထုတ်ပြန်တော့လည်း၊ ဘယ်ဝတ္ထုနာလိုက်တာနဲ့ ကျွတ်တမ်းဝင်သွားတယ်၊ ပန်းလေးလှူလိုက်တာနဲ့ ကျွတ်တမ်းဝင်သွားတယ်ဆိုတော့၊ ဘာဝေတဇ္ဇကိစ္စတွေ၊ သပိတ်မှောက်ထားတယ်၊ မမှောက်ဘူးလား. . . (မှောက်ပါတယ်ဘုရား)။

## ပွားများရမည့်ကိစ္စဘာကြောင့်မပါတုံး

ဘာဝေတဗ္ဗပွားများရမယ့်ကိစ္စတွေ၊ ဒကာ ဒကာမတွေ သပိတ်မှောက်ထားတဲ့အဓိပ္ပာယ်ကောမရောက်ဘူးလား. . . (ရောက်ပါတယ်) ဒီရောက်တယ်လို့ခင်ဗျားတို့က ဆုံးဖြတ်ချက်ချထားပါ။ ပွားများတာပါသေးရဲ့လား. . . (မပါပါဘုရား)။

မပါတော့ အဲဒါဘာပြုလို့ မပါသတုံးဆိုတော့ သုတ္တန်မို့လို့တဲ့၊ သုတ်တွေစီပြီးရေးထားရတယ်ဆိုတာ၊ အဘိဓမ္မာမထည့်နိုင်ဘူးတဲ့ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား) သုတ္တန်မို့လို့ သုတ်တွေမပျက်အောင် စီထားရ

တယ်၊ ဘယ်သူ့ဟောတဲ့သုတ်၊ ဘယ်သူ့ဟောတဲ့သုတ်၊ သုတ်တွေမစီရပေဘူးလား. . . (စီရပါတယ်ဘုရား)။

ဒါကြောင့် သုတ္တန်ဆိုတာ ပန်းသီတန်နဲ့ သီထားသလို၊ ဝတ္ထုလေးတွေ သီထားတာ၊ ကျင့်စဉ်တွေပါ ပါရဲ့လားဆိုတော့၊ ကျင့်စဉ်ပါတဲ့သုတ်က အတော် နည်းတယ်၊ မနည်းဘူးလား. . . (နည်းပါတယ်ဘုရား)။

## တရားနာရုံနဲ့ကိစ္စပြီးနိုင်တယ်၊ သို့သော်

တရားနာရုံနဲ့ကိစ္စပြီးသွားတယ်ဆိုငြားသော်လည်းတဲ့၊ သုတ္တန်နောက်က နေပြီးသကာလ အဘိဓမ္မာမလိုက်ရင် ဖြစ်ကိုမဖြစ်ဘူး၊ မလိုက်ရင် (မဖြစ်ပါဘုရား) မဖြစ်ဘူး၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါကြောင့် တစ်နေ့ကလည်းပြောခဲ့တယ်၊ ဒကာ ဒကာမတွေ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက၊ လူတစ်ဦး တစ်ယောက်ကို ချွတ်တော့မယ်ဆိုရင် သူ့အစဉ်ရှိတယ်၊ သူ့တရားဟောစဉ်ရှိတယ်။

## ဒါနကြုပ်ကြုပ်ပြုပေးကွ

တစ်နံပါတ် ဒါနပြုကွ၊ ဟောချလိုက်တယ်၊ ဒါနကြုပ်ကြုပ်ပြုပေး၊ ဘာပြုပေးရမှာတုံး ဒကာ ဒကာမတွေ. . . (ဒါနကြုပ်ကြုပ်ပြုပေးလို့ဟောပါတယ်ဘုရား) ဩော်-ဒါနဆိုတာ လူချမ်းသာ၊ နတ်ချမ်းသာဆိုတဲ့ ချမ်းသာတွေကို သူကပဲ ပို့နိုင်တယ်၊ ရောက်နိုင်တယ်ဆိုပြီး၊ သူ့အကျိုးပေးတွေ တစ်ခါဟောလိုက်တယ်။

ပန်းလှူလို့လှပုံ၊ ပပုံဟုတ်လား၊ ကျောင်းလှူလို့ ဘုံပေါ် ပေါက်ပုံ၊ ရေကန်ရေတွင်းတွေနဲ့ ဥယျာဉ်ဗိမာန်တွေ အကျိုးပေးပုံ ဒါတွေ မဟောပေဘူးလား (ဟောပါတယ်) ဟောပြီးတော့ အဲဒီမင်းတို့ ဒါနလှူပြီးတော့ ဒီလိုအကျိုးပေးငြားသော်လည်း၊ အသက်မရှည်ရင်အလကားပဲကွ၊ ဟုတ်လား။

## သီလလုပ်မှအသက်ရှည်မယ်

လက်ထဲငွေတော့ရှိပါရဲ့ မစားရခင်သေသွားရတယ်ဆိုတော့၊ ဦးဘအုန်းကောင်းသေးရဲ့လား. . . (မကောင်းပါဘုရား) သီလလေးလုပ်ဦးကွ၊ သီလလုပ်မှ အသက်ရှည်မယ်ဆိုတော့၊ နှစ်ချက်တိုးမလာဘူးလား. . . (တိုးလာပါတယ်ဘုရား)။

အဲဒီ ဒါန၊ သီလဟောပြီးတော့မှ၊ မင်းတို့ဒါနကြောင့် ဘုံဗိမာန် ပဒေသာပင်တွေပေါက်၊ သီလကြောင့် အသက်ရှည်တဲ့အခါကျတော့၊ ဟောဒီအသက်ရှည်တဲ့ နတ်ကြီးဖြစ်လာပြီး၊ စီးပွားဥစ္စာ ရတနာနဲ့ ပြည့်စုံတယ်ကွ၊ ဘယ်လောက်ကောင်းသတုံး၊ ဒီလိုစဟောတယ်။

## ဘုရား၊ တရားဟောစဉ်

ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ရှင်းပလား (ရှင်းပါပြီဘုရား) ဘုရားဟောစဉ်၊ ဘုရားတရားဟောစဉ် ဒကာ ဒကာမတို့ ရှေးဦးစွာ ဘုရားက ဘာဟောပါလိမ့်. . . (ဒါနကထာပါဘုရား) ပြီးတော့ကော (သီလကထာပါဘုရား) ပြီးတော့ကော (သဂ္ဂကထာပါဘုရား) သဂ္ဂကထာဟောလိုက်တယ်။

သဂ္ဂကထာဟောပြီးတော့မှ "ကာမာနံအာဒီနဝကထာ" ဆိုပြီးမင်းဟောဒီအကျိုးပေးတဲ့ဥစ္စာတွေ၊ ငါးပါးအာရုံကာမဂုဏ်တွေကွ၊ ဘာမှ အသုံးမကျဘူးကွ၊ မျောက်မီးရှူးပန်းကိုင်ထားသလိုပဲ၊ ကိုယ့်ချည်းလောင်တာပဲကွ။

## အမဲသားတုံးရထားတဲ့ကျီးလိုပဲ

အမဲသားတစ်ရထားတဲ့ကျီးလိုပဲကွ၊ တစ်ခါကိုက်မိလို့ရှိရင် ဒီပြင်ကျီးတွေက အမဲသားတစ်ကို လိုက်လုတာနဲ့ သူ့မှာချမ်းသာခွင့်မရဘူးကွ၊ ဒါတွေအကုန်ဟောချလိုက်တယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒီလိုဟောတာ၊သူ့အကောင်းဟောတာလား၊ အပြစ်ဟောတာလား (အပြစ်ဟောတာပါဘုရား)၊ ရသ၍ဟာတွေ တစ်ခုမှ မကောင်းဘူးကွ။

ကဲ-ဦးဘကြည်ဒါတွေသည် ကားဆိုလို့ရှိရင်၊ သူ့အလိုရှိသလိုဟောတာလားတဲ့၊ ပထမဆွဲခေါ်လာခဲ့တာ ဒီရောက်အောင် ဆွဲခေါ်ပြီးတော့မှ ဒီနေရာကျတော့ကောင်းတဲ့ သဘောတွေပြောသလား၊ ပင်ကိုအပြစ်တွေပြောသလား (ပင်ကိုအပြစ်တွေပြောပါတယ်ဘုရား)။

## ဘာဝနာအားနည်းနေမှာစိုးလို့

အပြစ်တွေပြောပြီးသကာလ သွားတဲ့အခါကျတော့၊ 'ကာမာနံ အာဒီနဝကထာ' ဆိုပြီးလေးနံပါတ်ဟောပါတယ်၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)။

၁။ဒါနကထာ၊ ၂။သီလကထာ၊ ၃။သဂ္ဂကထာ၊ ၄။ ကာမာနံ အာဒီနဝကထာ ဒါဟာဘုရားဟောစဉ်နော်၊ ဘာဝနာမှာ အားနည်းနေမှာစိုးလို့၊ ဘာဝနာမပါဘဲနဲ့ ကိစ္စပြီးနေတယ် ထင်မှာစိုးလို့ (မှန်လှပါဘုရား)၊ မဟောရပေဘူးလား. . . (ဟောပါတယ်ဘုရား)။

ဟောရတော့ ဘုန်းကြီးက ကြံဖန်ပြီးသကာလဟောတာလား ဦးချစ်ခရ၊ ဒီဟာဘုရားတိုင်းဟောစဉ်ထုံးလား. . . (ဘုရားတိုင်းဟောစဉ်ထုံးပါဘုရား) ဘုရားတိုင်းဟောစဉ်တဲ့။

ပြီးတော့မှ ဘာဟောတုံးဆိုတော့ နေက္ခမ္မကထာ၊ ကာမမှ ထွက်ရပါ့မယ်၊ ကာမမှ ထွက်ဆိုတော့၊ ဒါ-ကာမအာရုံကထွက်ဆိုကတည်းက ခင်ဗျားတို့စဉ်းစားသာကြည့်ကြပါတော့၊ နေက္ခမ္မကထာအလုပ်လုပ်လို့ပြောတာ (မှန်ပါ)။

ကာမမှထွက်ဆိုတော့ ခင်ဗျားတို့ကာမ အာရုံတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တမရှုရင်၊ ကာမမှ ထွက်နိုင်ပါ့မလား. . . (မထွက်နိုင်ပါဘုရား) မထွက်နိုင်တော့၊ ဝိပဿနာစလုပ်၊ မပါဘူးလား. . . (ပါပါတယ်ဘုရား)။

ကိုင်း. . ဒကာ ဒကာမတို့ ကျေနပ်ကဲ့လား. . . (ကျေနပ်ပါတယ် ဘုရား) ခင်ဗျားတို့မကျေနပ်လို့ရှိရင်၊ ဘုရားမကျေနပ်တာ၊ ဘုန်းကြီးမကျေနပ် တာမဟုတ်ပါဘူး (မှန်လှပါ)၊ ဒီဟောစဉ်ကြီးကို မကျေနပ်ဘူး၊ ဒီလိုပဲစွဲချက်တင် ရမှာပဲ။

## ကာမဂုဏ်၏အပြစ်တွေဟောတယ်

ဒါဖြင့် "ကာမာနံအာဒီနဝကထာ" ပြီးတော့မှ မဂ္ဂကထာဟောချလိုက် တယ်၊ သစ္စာဟောချလိုက်တယ်၊ အဲဒီတော့ မဂ္ဂကထာမဟောခင် ဘုန်းကြီး ရှင်းပြထားတော့ ကာမာနံအာဒီနာဝကထာ ဟောကတည်းက၊ ကာမဂုဏ်၏ အပြစ်တွေ၊ လူဖြစ်ရတာရော ဒုက္ခသစ္စာကွ၊ ဒုက္ခသစ္စာတွေပဲ၊ ငါးပါးအားရုံ ကာမဂုဏ်၊ တစ်ထောင့်ငါးရာ ကိလေသာမီးတွေ အကုန်လောင်နေတာ၊ တဟုန်းဟုန်းပဲကွ၊ မဟောပေဘူးလား. . . (ဟောပါတယ်ဘုရား)။

ဟောတဲ့အခါကျတော့ ကာမဂုဏ်အာရုံတွေ၏အပြစ်တွေကို မြင်ပြီး၊ အင်း. . ဒါတွေဟာ သက်သက်အသုံးမကျတဲ့တရားတွေပဲလို့ ဝိပဿနာမလိုက် ဘူးလား၊ လိုက်သလား. . . (လိုက်ပါတယ်ဘုရား) အပြစ်ကို ပြရင်လိုက်တာပဲ။

## စိတ်ကဖြူသွားတယ်

ဝိပဿနာလိုက်တဲ့အခါကျတော့မှ၊ သူ့စိတ်ထဲမှာလောဘ၊ ဒေါသ၊ မောဟ ရှိသေးသလား အခုတရားနာနေတဲ့ပုဂ္ဂိုလ်စိတ်ထဲမှာ (မရှိတော့ပါ ဘုရား) မရှိတော့ဝမ်းထဲမှာ ဘဝင်စိတ်သာရှိတယ် ဖြူသွားပြီရှိတာကလည်း ဝီထိရှိတော့၊ ဝိပဿနာဉာဏ်စိတ်တွေဆိုတော့၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့နဲ့ ဆက်သွယ်သေးသလား. . . (မဆက်သွယ်ပါဘုရား)။

မဆက်သွယ်တော့ ဘဝင်စိတ်ကလည်း သူ့နောက်ကသူ့ကို အားပေး နေတဲ့ ဘဝင်စိတ်ကလည်း အဖြူ၊ ကာမဂုဏ်တွေ၏ အပြစ်တွေကို

ကြည့်နေရတဲ့ စိတ်ကလည်း ကုသိုလ်စိတ်မို့၊ အဖြူပဲလို့ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ် ဘုရား)။

## ဖြူစင်တဲ့အဝတ်လို

ဒီဖြူနေတဲ့အချိန်မှာ ဖြူနေတဲ့အဝတ်လိုပဲတဲ့၊ ငါဘုရားဥပမာပြမယ် ဆေးတွေဆိုးချင်တာနဲ့ဆိုး၊ ဆေးစွဲတယ်၊ ဂျီးပေနေတာဆိုရင် (မစွဲပါဘုရား) မစွဲဘူးဆိုတော့ ဒီမှာဖြူသလား၊ မဖြူဘူးလား၊ ကာမာန်အာဒိနဝကထာ ဟောတော့ (ဖြူပါတယ်ဘုရား) ဖြူပြီ။

ငါးပါးအာရုံကာမဂုဏ်တွေဟာအလကားဟာတွေ ဘာမှလိုချင်စရာ၊ ရချင်စရာမရှိဘူး၊ စိန်ရော၊ ရွှေရော၊ ငွေရော ဟုတ်လား၊ အလကားဟာတွေ၊ ဟုတ်ဘူးလား၊ ဒီလိုဖြစ်တာကတော့ စိတ်ထဲဘယ့်နှယ်နေတုံး. . . (ဖြူစင်ပါတယ်ဘုရား)။

## မဂ္ဂသစ္စာကိုဆက်ဟောတယ်

ဖြူစင်နေတဲ့အခါကျတော့မှ မင်းတို့ခန္ဓာကိုယ်ကြီးဟာ၊ လောကီခန္ဓာ ဖြစ်လေသောကြောင့် ဒုက္ခသစ္စာဖြစ်ကြောင်းကလည်း သမုဒယသစ္စာကွ၊ အဲဒီသမုဒယသစ္စာမသေသ၍၊ မင်းနေရာမကျသေးဘူးဆိုပြီး၊ မဂ္ဂသစ္စာကို ဆက်ဟောလိုက်တယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီတော့ ဘယ်ရောက်တုံးဆိုတော့ အလုပ်တရားရောက်မလာ ပေဘူးလား. . . (ရောက်လာပါတယ်ဘုရား)။

အလုပ်တရားရောက်လာတော့ သစ္စာဟောလိုက်သည်နှင့်တစ်ပြိုင် နက်တည်း၊ ဒီပုဂ္ဂိုလ်တွေဟာ ပထမဟောတုန်းကတော့ မဂ်ဖိုလ်မဆိုက်ခဲ့ဘူး၊ ဒီကျမှ ဆိုက်တယ်၊ သစ္စာကျမှ ဆိုက်တယ်၊ ဒါဘယ်ပုဂ္ဂိုလ်ကိုမဆို ဘုရားဟော တာ၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒါနကထာတုန်းကလည်း ဘုရားဟောတုန်းပဲရှိသေးတယ်၊ သီလကထာတုန်းကလည်း ဘုရားဟောတုန်းပဲ ရှိသေးတယ်၊ သဂ္ဂကထာကော (ဟောတုန်းပါဘုရား) အဲ-သဂ္ဂကထာလည်း ဟောတုန်းရှိသေးတယ်။

ကာမာနံနေက္ခမ္မကထာကလည်း ထွက်တော့မဟောဘူးလား. . (ဟောပါတယ်ဘုရား) အဲဒီ အကျိုးပေးတွေထဲက ထွက်တော့မဟောဘူးလား . . . (ဟောပါတယ်ဘုရား) နေက္ခမ္မကထာကလည်း အဲတော့မှ ကာမာနံ အာဒီနဝတွေမလာဘူးလား. . . (လာပါတယ်ဘုရား)။

## ဖြူတဲ့အချိန်ကျမှသစ္စာကိုဟောတယ်

အဲဒီ အာဒီနဝတွေဟောလိုက်တော့၊ စိတ်ဖြူစင်နေတဲ့အချိန်၊ ဘုရားက ဉာဏ်မြေနဲ့ကြည့်လိုက်တယ်၊ ဒကာ ဒကာမတွေဝမ်းထဲကိုကြည့်လိုက်တယ်၊ ဖြူပြီ၊ ဖြူပြီဆိုတော့ အဲဒီအချိန်ကျမှ သစ္စာဖမ်းဟောတယ်။

မင်းခန္ဓာကြီးဟာ ဒုက္ခသစ္စာ ဆိုပြီးတော့၊ ဒုက္ခသစ္စာဖြစ်ကြောင်းဟာ သမုဒယသစ္စာပဲလို့ဟောလိုက်တယ်၊ အဲဒီအချိန်မှာတည်တာဗျ၊ ရိပ်မိပလား. . (ရိပ်မိပါပြီဘုရား) ဒါဟာ ဘုရားဟောအတိုင်းဟောစဉ်လို့မှတ်ပါ။ ဒါနကနေ ဒီရောက်ဖို့ဝေးသေးတယ်ဗျ။

အဲဒီတော့ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံအာဒီနဝကထာ၊ မဂ္ဂကထာ ဆိုပြီးသကာလ၊ ပြီးတော့မှ နောက်ဆုံးပိတ် သစ္စကထာ ဟောချလိုက်တယ်၊ (မှန်လှပါဘုရား) ကျေနပ်ပလား ဒကာ ဒကာမတို့. . . . (ကျေနပ်ပါတယ်ဘုရား)။

ဒါဟောစဉ်ဗျ၊ ဘုန်းကြီးကကြံဖန်ဟောတာမဟုတ်ဘူး။

အဲဒီဟာကို ပယ်ဟောတာလား၊ မဟုတ်ပါဘူး၊ သူကိုမဟောလို့ရှိရင် ဘိက သုဂတိမရောက်နိုင်ဘူး၊ ဒါဖြင့် ဒုဂ္ဂတိ သုဂတိကယ်တင်တဲ့ တရား ,ဉ်လို့ရှိရင်လည်း လွဲသလား. . . (မလွဲပါဘုရား)။

## သုဂတိဆိုတာ

သုဂတိဆိုတာ ဒကာ ဒကာမတို့ "သု" က ကောင်းတာပဲ၊ "ဂတိ" က လားတာ ဟုတ်လား။ ကောင်းသောဂတိလားတာပဲ၊ (မှန်ပါ့) ကောင်းသော ဂတိလားတယ်သာဆိုရတယ်၊ လားတာက ဘာတုံးဆိုတော့ ခန္ဓာငါးပါး။ ကောင်းသောဂတိက ဘယ်သူပါလိမ့်. . . . (ခန္ဓာငါးပါးပါဘုရား)။

ခန္ဓာငါးပါးဆိုတော့၊ ဒီခန္ဓာငါးပါးကမထွက်လို့ရှိရင်လည်း ဒုက္ခသစ္စာထဲ က မထွက်တာ နေဦးမှာပဲ၊ သဘောကျပလား (ကျပါပြီ)။

အဲဒီကဲ့သို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပြီးသကာလ နောက်ဆုံးပိတ် ဖြစ်ချင်တဲ့အချိန် သစ္စာသွင်းတယ်ဆိုတာသာ မှတ်ပေတော့ (မှန်လှပါဘုရား) ရှင်းပြီလား. . . . (ရှင်းပါပြီဘုရား)။

## ကျုပ်တာဝန်ကသစ္စကထာဟောဖို့ပဲ

ဘုန်းကြီးတို့က ဒီလိုမဟောဘူး၊ ဟိုဟာတွေ တခြားဆရာသမားတွေ ဆီက နာခဲ့ကြပြီ၊ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ မလိုတော့ဘူး၊ ကျုပ် တာဝန်က ဘာတုံးဆိုလို့ရှိရင်ဖြင့် သစ္စကထာဟောဖို့ပဲ၊ ဦးထွန်းဦး ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘာဟောမှာတုံး. . . (သစ္စကထာပါဘုရား) သစ္စကထာဟောမှာဆို တော့ ဒကာ ဒကာမတွေ ညော်. . . ဒီပြင်ဟာတွေကလည်း ကြားဖူးနားဝ အများကြီးတွေ့ပါပြီ၊ သစ္စကထာတော့ဖြင့်မကြားဖူးသေးပါဆိုတော့၊ ဒါဖြင့် ဖြစ်နေတဲ့စိတ်ကို ခင်ဗျားတို့ဆိုးပေးရတော့မှာပဲ ဦးဘကြည် ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## သစ္စကထာဘယ်အချိန်ဟောရတုံး

ကောင်းပြီ ဒါဖြင့် သစ္စကထာဘယ်အချိန်ဟောရတုံး. . . (ဖြူနေတဲ့အချိန်ပါဘုရား) ဖြူစင်တဲ့အချိန်၊ သဘောကျပလား၊ ရှုပ်ပွေနေတဲ့အချိန်မှာ ဟောကိုမဟောနိုင်ဘူး၊ "မဟောနဲ့စောင့်ပေးပါ" ဘုရားလည်းစောင့်တာပဲ ဒကာ ဒကာမတို့။

အဲဒီတော့ သစ္စကထာဟောလို့ရှိရင် ဒီတရားဟာ ကျွတ်တမ်းဝင်မယ့် တရားလို့သာမှတ်ပေတော့ ကျန်တာတွေကျွတ်တမ်းဝင်တဲ့တရားလို့ သွားမဆိုနဲ့ဦး။

သူ့မရောက်ဘဲနဲ့ "စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ" ဆိုတာဘာကိုဆိုတာတုံး၊ သစ္စာတရားဆိုနေတာ၊ သစ္စာမြင်မှုကိုဆိုနေတာ၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ကို ဘာကိုအရေးထားဟောမယ်ဆိုတာကော ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)သစ္စာဟောမယ်ဆိုတော့ ပေဋကောပဒေသ သဘောကျကြပလား . . . (ကျကြပါတယ်ဘုရား)၊ သစ္စာတရားနာမှု တစ်နံပါတ်၊ သစ္စာတရားကိုနှလုံးသွင်းမှု . . . (နှစ်နံပါတ်ပါဘုရား)။

ဒီနှစ်ခုရှိလို့ရှိရင် သာဝကပါရမီမှာ ပြည့်ပြီတဲ့၊ ဘာမှ မပူနဲ့တော့ ရှင်းပလား (ရှင်းပါပြီဘုရား) ဘယ့်နှယ်ကြောင့်တုံးဆိုတော့ မနေ့က စကားလေးနည်းနည်းထပ်ပြောမယ်။

## ရေထဲကသဖန်းတုံးကြီး

သစ္စာနာတုန်းမှာ ရေထဲကသဖန်းတုံးကြီး ဆယ်လာတဲ့ဥစ္စာ နေပူလှန်းလို့ခြောက်နေတာနဲ့တူတယ်တဲ့၊ ခြောက်နေတာနဲ့တူတယ်၊ အစေး တွေခြောက်နေတယ်၊ အစေးခြောက်တယ်ဆိုတာ ကိလေသာကို ပြောတာ နော် . . . (မှန်လှပါဘုရား)။

သစ္စာတရားနာနေတုန်းကအစေးခြောက်တော့၊ သစ္စာအလုပ်ကို လုပ်တဲ့အချိန်ကျတော့ မီးထတောက်တာပဲကွ၊ ကိလေသာအစေးတွေကုန်တာတဲ့၊ သဘောကျပလား (ကျပါပြီဘုရား) ဒါဖြင့် ဒီနှစ်ချက်ဟောတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

သေချာတဲ့အတွက် ခင်ဗျားတို့သက်တမ်းကလေးကလည်း တိုတိုလေး၊ သက်တမ်းကလေးကလည်းတိုတယ်၊ ယနေ့လား၊ နက်ဖြန်လား မသိဘူးဆိုတာကို ဘုရားတိုင်းဟောတယ်၊ ကိုယ်ကိုယ်တိုင်မြင်တွေ့ရတာလည်း အများကြီးပါပဲ။

မနေ့ကအကောင်း ယနေ့သေတယ်ဆိုတာနဲ့ ခင်ဗျားတို့ အသုဘပို့ဘူးလှပြီ မဟုတ်လား . . . (ဟုတ်ပါတယ်ဘုရား) အဲဒါတွေက အထင်အရှားဖြစ်နေတော့ လမ်းရှည်မလိုက်ပါနဲ့တော့။

## လမ်းရှည်မလိုက်ပါနဲ့

ဘုန်းကြီးတို့ဆီကိုလာတဲ့ ဒကာ ဒကာမတွေဆိုရင် လမ်းရှည်မလိုက်ပါနဲ့၊ လမ်းရှည်မလိုက်ပါနဲ့ဆိုလို့ရှိရင်ဖြင့် ရှေးဦးစွာ သစ္စာတရားနာပြီး၊ သစ္စာပွားများရမှာပဲ၊ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ပရိညေယျဖြစ်အောင်လုပ်ပေတော့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီလိုနားလည်တဲ့ပုဂ္ဂိုလ်မျိုးကျတော့ ဘုန်းကြီးရှင်းပြမယ်၊ ဒီလိုနာရတဲ့ပုဂ္ဂိုလ်မျိုးကျတော့၊ ဒီဘဝမှာ ပါရမီမျိုးစုံနဲ့ပြည့်ပြီးသားဆိုတာ တရားချီးကတည်းက ဦးဘကြည်တို့ လုံလောက်ပြီနော်၊ အခုဒါလေးတစ်ချက်တော့ မိပြီ၊ ဒါလေးတစ်ချက်ပဲကျန်တော့တယ် မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

## သစ္စာပွားရင်ကိစ္စပြီးတယ်

သစ္စာနာမှုရှိပြီ၊ သစ္စာမြင်မှုသာ ဒို့တာဝန်လေးရှိတော့တယ်၊ ဟုတ်ဖူးလားဗျာ၊ (ဟုတ်ပါတယ်ဘုရား)၊ ဒါဖြင့် နှစ်ကျပ်သားရှိတဲ့အနက်က တစ်ကျပ်သားကို ဆရာက ထမ်းပိုးပြီးခင်ဗျားတို့ဆီပို့ထားပြီ၊ ခင်ဗျားတို့က ထမ်းစရာမလိုတော့ဘူး (မှန်လှပါဘုရား)၊ ကျန်တဲ့တစ်ကျပ်သားကို ကိုယ်တိုင်ထမ်းဖို့ဝန်မလေးရင်ရပြီ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

နှစ်ချက်ရှိတဲ့ဥစ္စာ တစ်ချက်က ဘုန်းကြီးတာဝန်၊ တစ်ချက်က ခင်ဗျားတို့တာဝန် (မှန်ပါ့ဘုရား)၊ ဒါဖြင့် ဒီနှစ်ခုရှိတာမှာ တစ်ခုက ကလျာဏမိတ္တက အကူအညီပေးလို့ သစ္စာတရားနာရပြီ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

သစ္စာနှလုံးသွင်းမှုကိစ္စကို ခင်ဗျားတို့ပွားများလို့ရှိရင်ဖြင့် ကိစ္စပြီးပါတယ်လို့ ဘုရားကလည်း ခိုင်လုံအောင်ပြောထားတော့ ခင်ဗျားတို့ ပျင်းမှု ဖျင်းမှုပဲစိုးရိမ်ရတော့တယ်၊ ရမှာသေချာတယ်၊ ရှင်းပလားဟေ့ . . . ဒကာ ဒကာမတွေ ဘယ့်နှယ်မှတ်ကြမတုံး။

## ပျင်းမှု ဖျင်းမှုလေးတွေ မလုပ်ကြပါနဲ့တော့

ပျင်းမှု ဖျင်းမှုလေးတွေ မလုပ်ကြပါနဲ့တော့၊ နှစ်ပိဿာရှိတဲ့အနက် တစ်ပိဿာဘုန်းကြီးက ခင်ဗျားတို့အတွက် ရွက်ဆောင်ထားပြီမဟုတ်လား၊ ကျန်တစ်ပိဿာပဲကျန်တော့တယ်၊ ဒီတစ်ပိဿာလေးသာကိုယ်တိုင် အလုပ်လုပ်လိုက်ရင်မပြီးဘူးလား (ပြီးပါတယ်ဘုရား) ဒီလောက်တိုတာများရှိသေးရဲ့လား . . . (မရှိပါဘုရား)။

နဂိုတုန်းကတော့ အတော်ဝေဖန်ရမှာပေါ့ဗျာ၊ အခုတော့ ဆရာရင်း သမားရင်းဖြစ်ပြီးသကာလနေတော့ ဒီလိုလုပ် ဒီလိုဖြစ်တယ်၊ ဒါအနီးလေးပဲ ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ကောင်းကောင်းကြီးကျေနပ်ကြဖို့ကောင်းပြီ (မှန်လှ

ပါဘုရား) မကျေနပ်သင့်ဘူးလား . . . (ကျေနပ်သင့်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒီတရားကိုနာရလို့ရှိရင်ဖြင့် ဒီတရားကိုဟောလိုက်ရလို့ ရှိရင်ဖြင့် ခင်ဗျားတို့အပါယ်လေးပါးသွားစရာကံတွေဟာ ဥပါဒ်၊ ငှီ၊ ဘင်၊ နဲ့ ချုပ်ငြားသော်လည်း သတ္တိမချုပ်သေးဘူး၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဒီကံတွေအဟောသိကံဖြစ်ပြီ

အပါယ်လေးပါးသွားဖို့ကံတွေခင်ဗျားတို့လုပ်ထားတာတွေ အများကြီး ပဲ၊ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)၊ အပရာပရိယ ဝေဒနိယ ကံတွေပေါ့ ဗျာ။

ဒီဘဝကျမှပဲ ဇော (၇) ကြိမ်နဲ့ လာလိုက်တဲ့ ဒိဋ္ဌဓမ္မတွေကော၊ ဥပစ္ဆေဒကတွေကော၊ အပရာပရိယတွေကော၊ ဘယ်လောက်များသတုံး မေးရင်ဘယ့်နှယ်ဖြေကြမလဲ (မရေတွက်နိုင်ပါဘုရား)၊ မရေတွက်နိုင်ဘူး၊ မျက်စိတစ်မှိတ်ကိုပဲ မနည်းဘဲကိုဗျ။

အဲဒီလောက်များတာတွေကို သစ္စာတရားနာပြီး သစ္စာပွားများပြီးလို့ ဒုက္ခပိုင်းခြားနိုင်တဲ့အခြေအနေရောက်လို့ရှိရင် အဟောသိကံ၊ အဟောသိကံ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား) အဟောသိကံမဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။

## အမြတ်တကာ့အမြတ်ဆုံး

ဒါဖြင့် ဒီဥစ္စာ အမြတ်တကာ့အမြတ်ဆုံးမှာဖြင့် ဒီထက်မြတ်တာများ ဦးချစ်ခတို့ ရှိသေးသလား . . . (မရှိပါဘုရား)၊ မရှိတော့ပါ၊ ဒါဖြင့် ဒီလမ်း ညီသလားလို့မေးတော့တည်း . . . (တိုပါတယ်ဘုရား) တိုတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ အင်္ဂတ္တိုရ်မှာကျယ်နေသေးတယ်၊ သောတာပန်တည်ခြင်း အကြောင်းလေးပါးကွာ၊ မကျယ်ဘူးလား ကျယ်တယ်၊ သူကနည်းနည်းကျယ်တယ်၊ ကျယ်ပင်ကျယ်ငြားသော်လည်း ဒီအထဲဝင်တာပါပဲ မထူးပါဘူး။

ကဲ ဒါဖြင့် ဒကာ ဒကာမတို့နောက်က ကံတွေ အဟောသိကံဖြစ်ပြီး သကာလ သံသရာထဲကိုဖြင့် လုံးဝမပြန်ချင်တော့ပါဘူး၊ အိုဘေး၊ နာဘေး၊ သေဘေးတွေ။ ဒီတစ်ခါ တိမ်းသွားလို့ရှိရင်လည်း ခင်ဗျားတို့ကို ဘုန်းကြီး ဥပမာပြမယ်၊ ဘုရားပေးတဲ့အတိုင်း၊ ကျောက်ခဲလေးရေထဲချတယ်သာ အောက်မေ့ပေတော့။

## ဒီတစ်ခါတိမ်းရင်မကယ်နိုင်တော့ဘူး

ဒီတစ်ခါတိမ်းရင် မကယ်နိုင်တော့ဘူး၊ သဘောကျပလား (ကျပါပြီ ဘုရား) ကျောက်ခဲရေထဲချတော့ ဘယ်အချိန်များပေါ်ပါ့မတုံးဆိုတော့ မပေါ်တော့ဘူး နွံသာဖုံးသွားတယ်၊ ဦးဘကြည်၊ ဒကာ ဒကာမတွေ ဒါကြောက်အောင်ဟောတာမဟုတ်ပါဘူး၊ ဖြစ်စဉ်ဟောတာပါ . . . (မှန်ပါ့ဘုရား)။

ကြောက်အောင်ဟောလို့ရှိရင်၊ ချောက်တရားလို့ခင်ဗျားတို့က ဆိုချင်ဆိုဦးမှာ၊ ချောက်တရားမဟုတ်ပါဘူး၊ ဖြစ်စဉ်ကိုက်ပါ၊ ဦးဘအုန်းရ . . . (မှန်ပါ့ဘုရား) 'ကျ' ကြည့်ပါတဲ့ ဘယ့်နှယ်တုံး . . . ပြန်တက်ဖို့အရေး (မရှိပါဘုရား) မရှိဘူး။

မရှိတဲ့အပြင်မှာ သူ့အပေါ် နွံနုန်းတွေက ထူထပ်လာလာမှာပါ၊ ကံမကောင်းအကြောင်းမသင့်လို့ဆိုတာ မထည့်ပါနဲ့တော့ဗျာ၊ သင့်စရာမြင်သေးရဲ့လား . . . (မမြင်ပါဘုရား) မမြင်တော့ပါဘူးတဲ့။

## ဥပရိဒေဝီမိဖုရားကြီး

ခင်ဗျားတို့စဉ်းစားကြည့်ပါလား . . . ဥပရိဒေဝီ မိဖုရားကြီး၊ နောက်ချေးပိုးထိုးဖြစ်တယ်လို့တော့ ဘုရားကဟောလိုက်တယ်၊ နောက်ချေးပိုးထိုးဘဝက ကျွတ်သွားတယ်ဆိုတာကော ကြားဖူးရဲ့လား . . . (မကြားဖူးပါဘုရား) သွားပြီကော၊ သွားပြီကော၊ မိဖုရားကြီးက နောက်ချေးပိုးထိုး ဖြစ်သွားပြီကော။

နောက်ပြန်တက်လာတယ်ဆိုတာက ဟိုနောက်ဘုရားပေါင်းဘယ်လောက်ကြာမှ ပြန်တက်မယ်လို့ ကျုပ်မပြောတတ်ဘူးပေါ့ဗျာ၊ အခုဖြင့် နောက်လာစရာမမြင်သေးဘူး၊ အတော်ခဲယဉ်းပါတယ်၊ အတော်လည်းခဲယဉ်း ရပါတယ်။

## လက်ရှိအချိန်ကလေး မဆုံးရှုံးစေနဲ့

အဲဒီတော့ အခုလက်ထဲရောက်နေတဲ့ အချိန်ကလေး မဆုံးရှုံးစေချင်ဘူး၊ သစ္စာတရားနာမှုနဲ့ သစ္စာတရားပွားမှုကို မစွန့်ပါနဲ့၊ စွန့်လို့ရှိရင်ဖြင့် ခင်ဗျားတို့ကိုယ်ကျိုးမကပါဘူး၊ ခင်ဗျားတို့အကုန်ဆုံးမယ်ဆိုတာ ဦးဘအုန်း ဆုံးဖြတ်ချက်ချပါ၊ မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။ အဲဒီတော့ ခင်ဗျားတို့ ဒါပဲအားကိုးစရာရှိတယ်။

ရွှေတွေ၊ ငွေတွေ၊ စိန်တွေ၊ ကျောက်တွေ၊ မြတွေဆိုတာက ခင်ဗျားတို့ အရေးကြီးတဲ့အခါ ဝေဒနာတစ်ခုသက်သာအောင် မတတ်နိုင်ပါဘူး၊ အိုမင်းရင့်ရော်သွားတာလေးနည်းနည်းမှ မတတ်နိုင်ပါဘူး၊ နာတာလေးကော (မတတ်နိုင်ပါဘုရား)။

သေခန်းကျတော့ ဒါတွေက အကူအညီတွေရသေးသလား (မရပါဘုရား) မရတဲ့အပြင် ထိုးချလိုက်တယ်၊ မထိုးချဘူးလား . . . (ထိုးချပါတယ်ဘုရား)။

## မိမိအားထုတ်တဲ့တရားသာ၊ အားကိုးပါ

အဲဒီတော့ အားကိုးရာအစစ်က "အတ္တာဟိအတ္တနောနာထော" ဆိုတဲ့အတိုင်း မိမိအားထုတ်တဲ့တရားကိုသာလျှင် မိမိအားကိုးရတော့မှာပါလားဆိုတာ ယနေ့ဆုံးဖြတ်ချက်ချ၊ အားလုံး ဒကာ ဒကာမတွေ၊ ဘာမှ အားကိုးစရာမရှိဘူး၊ ဘုန်းကြီးဆီနာထားတဲ့တရားရယ်၊ ခင်ဗျားတို့ကိုယ်တိုင်ပွားတာလေးရယ်၊ ဒါပဲအားကိုးစရာရှိတယ်၊ ကျန်တာကတော့ . . . (အားကိုးစရာမရှိပါဘုရား)။

အားကိုးစရာမရှိဘူးဆိုသဖြင့်၊ ဒါအပါယ်လေးပါးလည်း တံခါးပိတ်တယ်၊ အားကိုးစရာအစစ်လည်းဖြစ်တယ်ဆိုတော့ ခင်ဗျားတို့ ဒါကို ကြိုးစားပါဆိုတာ အထူးတိုက်တွန်းနေတာ အတော်ကြာသွားပြီဗျ၊ ဒီလိုတိုက်တွန်းရတာ၊ အကြောင်းတွေပြရတာကတစ်မျိုး၊ ခင်ဗျားတို့ အပြစ်တွေကိုလေပြောပြရတာကတစ်မျိုး (မှန်လှပါဘုရား)။

လုံလောက်အောင်ပြောရတာကတစ်မျိုး၊ တော်ကြာအားကိုးမှားနေမှာစိုးရတာကတစ်မျိုးလို့ဆိုတော့၊ အခုတော့ဖြင့် အကွက်လည်သွားပြီ၊ ကြည့်ပါလား၊ မလည်သေးဘူးလား . . . (လည်ပါတယ်ဘုရား)။

ဘာအားကိုးရမှာတုံး . . . (သစ္စာဓမ္မအားကိုးရမှာပါဘုရား)၊ သစ္စာဓမ္မပွားများဖို့အလုပ်၊ ကိုယ့်အားကိုယ်ကိုးဖို့အလုပ် လုပ်ပါ။

## ဘယ်လိုကြောင့် ဘုရားဖြစ်သတုံး

ဘုရားသည် ဘယ်လိုကြောင့် ဘုရားဖြစ်သတုံး၊ သစ္စာလေးပါးသိမှငါဘုရားလို့ တာဝန်ခံတယ်၊ မသိခင်တုန်းက . . . (တာဝန်မခံပါဘုရား) တာဝန်မခံဘူး။

အဲဒီတော့ကွာ ငါဥပမာပြမယ်တဲ့ သစ္စာမသိဘဲနဲ့ ငါသောတာပန်ငါ သကဒါဂါမ်၊ ငါ-အနာဂါမ်ဖြစ်လာတယ်လို့ဆိုလို့ရှိရင် ဒီလိုသာမှတ်ပေ

တော့တဲ့၊ ငါဟာအိမ်ဆောက်တယ်ပော့ အခြင်တွေ၊ ထုပ်လျှောက်တွေ၊ အရင်တင်တာ၊ တိုင်တစ်လုံးမှမပါဘူးလို့ပြောတဲ့ ပုဂ္ဂိုလ်နဲ့အတူတူပဲ (မှန်ပါ့ဘုရား)။

အခြင်တွေအရင်တင်တယ်၊ ဒိုင်းတွေအရင်တင်တယ်ပေါ့ဗျာ၊ အခုခေတ်အသုံးဖြင့် ဒိုင်းတွေအရင်တင်တယ်၊ ပြီးမှ ငါတိုင်တွေစိုက်တယ်ကွ၊ အဲဒီလိုပြောတော့ ခင်ဗျားတို့က ယုံကြမှာလား . . . (မယုံပါဘုရား)။

## သစ္စာမသိရင်သောတာပန်မတည်နိုင်

အဲဒီအတိုင်းပဲ၊ ငါ-သစ္စာမသိဘဲနဲ့ သောတာပန်တည်ခဲ့တယ်ဆိုရင် အခြင်အရင်တင်တယ်လို့ပြောတာ အရှုးပြောတာနဲ့ အတူတူပဲကွ၊ သစ္စာမပါဘဲနဲ့ဖြင့် ဘယ်သူမှ မရဘူး၊ ဆုံးဖြတ်ချက်ချပလား (ချပါပြီဘုရား)။

အင်း-ခင်ဗျားတို့ကတော်တော်ကြာ ဘာလေးအားကိုး၊ ညာလေးအားကိုးတာနဲ့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ သွားပြီးသကာလ၊ အထင်ကြီးနဲ့များ အစွဲအလန်းဥပါဒါန်ကြီးနဲ့ လုပ်မနေနဲ့၊ သာမညအားကိုးသာရမယ် (မှန်လှပါဘုရား) ခဏနားတာပဲရမယ်၊ ပြန်ကျမှာက လွတ်ပါ့မလား . . . (မလွတ်ပါဘုရား)။

ဩော် . . . ဒီနှစ်ခုသာလျှင် ခိုကိုးရာ အားထားရာရှိတော့တယ်၊ သစ္စာနာမှုနဲ့ သစ္စာပွားမှုသည်သာလျှင် တို့၏ ခိုကိုးရာ၊ အားထားရာ အစစ်ပါလားဆိုတာသာ သေသေချာချာမှတ်ပါ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာနာမှုကိုရှေးဦးစွာ ဘုန်းကြီးဟောမယ်၊ ပြီးတော့မှ သစ္စာပွားမှုအလုပ်ကို ဉာဏ်စဉ်နဲ့တက်ပေးမယ်၊ ရှင်းပလား ဒကာ ဒကာမတို့ . . . (ရှင်းပါပြီဘုရား)။

## သစ္စာနှာမှုကိုအရင်ဟောမယ်

ကိုင်း ဘာမှ မပူနဲ့၊ သစ္စာဆိုတဲ့တရားက သာမညသတ္တိရှိတဲ့တရား မဟုတ်ပါဘူးတဲ့၊ သူ့ကိုများ မနာရသေးဘူးဆိုလို့ရှိရင်ဖြင့် ငါ. . . ဘုရားသခင် ကိုယ်တော်မြတ် ဉာဏ်အမြင်နဲ့ မင်းတို့ကိုဥပမာပြမယ်တဲ့ . . . ။

အောက်မှာ (၁၃) မိုင်အနက်ထု၊ (၁၃) မိုင်ပတ်လည်ရှိတဲ့ကျောက် တိုင်ကြီးတွေစိုက်ပါ။ ဦးဘကြည် . . . (မှန်လှပါဘုရား) အနှစ်တစ်ရာ ကြာမှ ကတ္တီပါလေးနဲ့တစ်ချက်သာပွတ်ပါ၊ ဒီကျောက်တိုင်ကြီး ဘယ်တော့ ကုန်မှာ တုံးလို့မေးကြည့်ရင်၊ ဘယ့်နှယ်ဖြေကြမယ် . . . (မကုန်ပါဘုရား)။

## ကျောက်တိုင်ကြီးသာပျောက်စရာရှိသေးတယ်

အနှစ်တစ်ရာကြာမှ၊ ကတ္တီပါနဲ့ တစ်ခါသာပွတ်ရမှာကိုးဗျ၊ အင်မတန် နူးညံ့တဲ့ကတ္တီပါ၊ အဲဒါသာကုန်ရင် ကုန်လိမ့်မယ်၊ သစ္စာနားမလည်သေးလို့ ရှိရင် မင်းတို့ ဒုက္ခဘယ်တော့မှ မကုန်ဘူး၊ ကျောက်တိုင်ကြီး ပျောက်စရာရှိ သေးတယ်၊ ကုန်စရာရှိသေးတယ်၊ မင်းတို့ဒုက္ခမကုန်ဘူးတဲ့။

သစ္စာမနာရလို့၊ သစ္စာအားမထုတ်ရလို့ရှိရင်၊ ဒီလောက်ထိအောင် ဘုရားက ဟောလို့ရှိရင် ဒကာ ဒကာမတွေအတော်ယုံဖို့ကောင်းပါပြီ၊ မယုံ သေးဘူးလား . . . (ယုံပါတယ်ဘုရား)၊ ဒါက သစ္စသံယုတ်မှာ ဒီအတိုင်း လာပါတယ် . . . ကိုထွန်းဦး (မှန်လှပါဘုရား)။

ဒါ . . . ခင်ဗျားတို့ကအတော်ဟောထားတာကိုးလို့၊ အောက်မေ့မနေ နဲ့ ဖြစ်စဉ်ကိုက်ဟောထားတာလို့ ဆုံးဖြတ်ချက်ချပါ၊ အတော်ကြီးကြီး ကျယ်ကျယ် ဒို့ကိုခြောက်တာကိုးလို့ မအောက်မေ့နဲ့ဦး (မအောက်မေ့ပါ ဘုရား)။

## ပိဋ္ဌနဓမ္မော

အဲဒါဖြင့် ဒကာ ဒကာမတို့ သစ္စာနာမှုသည် အရေးအကြီးဆုံးအလုပ် ပဲဆိုတာကော ယနေ့ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) ပေါ်လို့ရှိရင်၊ ဒါကို ပွားများကြစို့လားဆိုတော့ ပထမနေ့တုန်းက ဦးဘကြည်တို့ကိုပြောခဲ့တယ်။

ခန္ဓာငါးပါးသည် ပီဠနဓမ္မောလို့ပြောခဲ့တယ်၊ အကျိုးနဲ့အကန်းက နှိပ် စက်တယ်၊ မပြောခဲ့ဘူးလား . . . (ပြောခဲ့ပါတယ်) အကျိုးနဲ့အကန်းက ခင်ဗျားတို့ကိုနှိပ်စက်နေတယ်ဆိုတော့၊ ခန္ဓာငါးပါးသည် နှိပ်စက်တတ်တဲ့ တရား၊ ပြီးပြီအဲဒါမထည့်တော့ဘူး။

## သင်္ခတဓမ္မော

မနေ့က ပြောလိုက်တော့ ခန္ဓာငါးပါးသည် ဘယ်ဘေး၊ ဘယ်ဒဏ်၊ ဘယ်ရန် မဆိုသူခွဲသွားတယ်လို့မရှိဘူး၊ လက်ခံတတ်တဲ့တရား၊ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား) လက်ခံတာ အနှိပ်စက်ခံတဲ့တရား၊ ဒီလိုသိတော့ သြော် နှိပ်စက်တတ်တဲ့တရားလည်း သူပဲ၊ အနှိပ်စက်ခံရတဲ့တရားကော . . . (သူပါပဲဘုရား)။

အင်း. . . ဒါဖြင့် ပုဂ္ဂိုလ်သတ္တဝါရယ်လို့ဖြစ်လာလို့ရှိရင် နှိပ်စက်ဖို့ ရယ်၊ နှိပ်စက်ခံဖို့ရယ်ဖြစ်လာတာကိုး . . . ဒုက္ခသစ္စာအစစ်ပါလား၊ ဒုက္ခ ရောက်ဖို့ဖြစ်လာတာပဲ၊ ခန္ဓာငါးပါးရတဲ့ပုဂ္ဂိုလ်ကဘာတဲ့ (ဒုက္ခရောက်ဖို့ပါ ဘုရား)၊ ဒါဖြင့် ပီဠနဓမ္မောနဲ့ သင်္ခတဓမ္မောကျေနပ်ရောပေါ့ဗျာ . . . (မှန်လှ ပါဘုရား)။

## ဒုက္ခသစ္စာလို့သိစေချင်လို့

ဒီနေ့ဟောမှာက သန္တာပဌောကိုဟောမယ်၊ ဒီတဆယ့်ခြောက်ချက်ကတော့ လုပ်ရမည့်ကိစ္စ (မှန်ပါ့ဘုရား) စာမှာဒီအတိုင်းလာတယ်၊ ဘုရားဟောတာ သဘောကျပလား . . . (ကျပါပြီဘုရား) ဒီတစ်ဆယ့်ခြောက်ချက်လည်း သိရမည့်ကိစ္စ၊ ပွားရမည့်ကိစ္စ။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီတရားလေးကို ပွားများရမယ့်ကိစ္စဟာ ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့သိစေချင်တဲ့အကျိုးငှာ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သစ္စာအနက် (၁၆)ချက်ကို ဟောတာ၊ မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။

## ဒုက္ခသစ္စာ၏အနက် သန္တာပဌော

ဒီနေ့ "သန္တာပဌော" ဆိုတာကို ဟောလိမ့်မယ်၊ ပါဠိလိုတော့ "သန္တာပဌော" မြန်မာလိုတော့၊ ခင်ဗျားတို့ခန္ဓာကိုယ်ကြီး မီးလောင်နေတာ၊ မီးလောင်စာကြီးရထားတာ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)၊ ဘာရထားပါလိမ့် (မီးလောင်စာကြီးရထားပါတယ်ဘုရား)။

မီးလောင်စာကြီးရထားတယ်လို့ ဒကာ ဒကာမတို့ မှတ်စမ်းပါ၊ ဘာရထားတုံး . . . (မီးလောင်စာကြီးပါဘုရား)၊ နောက်က ဒကာ ဒကာမတွေဘာရထားတုံး. . . (မီးလောင်စာကြီးရထားပါတယ်ဘုရား) မီးလောင်စာကြီးရထားတယ်။

ဒီမီးက သာမညမီးမဟုတ်ဘူးတဲ့ ဒီအထဲမှာ ထောင့်ငါးရာကိလေသာမီးတွေအောင်းနေတယ်၊ ထောင့်ငါးရာကိလေသာမီးတွေ၊ မင်္ဂနဲ့မပယ်သ၍ ဘယ်နှယ်နေမတုန်း . . . (အောင်းနေပါတယ်ဘုရား)။

## ရုပ်နာမ်ကမီးစာ

အောင်းနေတော့ ကျန်တဲ့ရုပ်နာမ်တွေက မီးစာတွေ၊ ဒါဖြင့် မီးလောင်စာမှ ဟုတ်ရဲ့လား . . . (ဟုတ်ပါတယ်ဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) ခန္ဓာကြီးက ဘာပါလိမ့် . . . (မီးလောင်စာပါဘုရား)။

တစ်ထောင့်ငါးရာကိလေသာတွေက မီး . . . ဒါဖြင့် မီးနဲ့လောင်စာတွဲနေတဲ့ဥစ္စာ၊ မီးကသူတော်ကောင်းလို့ဆိုမလား . . . (မဆိုနိုင်ပါဘုရား) မီးက သူတော်ကောင်းဆိုရင် ဘယ်သူ့မှမလောင်ဘူးပေါ့ဗျာ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

မီးကို သူတော်ကောင်းလို့ဆိုကြမလား . . . (မဆိုပါဘုရား) ဘယ့်နှယ်ဆိုမယ် (လောင်တတ်တဲ့မီးပါဘုရား)၊ လောင်တတ်တဲ့မီးလို့သာ ဆုံးဖြတ်ချက်ချပါ၊ ဒကာ ဒကာမတွေဒါက ဘယ်မှာနေတုံးလို့မေးခွန်းထုတ်ပြန်တော့၊ ဘယ့်နှယ်ဆိုကြမယ် . . . (ခန္ဓာထဲမှာပါဘုရား) ခန္ဓာထဲမှာရှိတယ်။

## ကိလေသာမီးလောင်နေတယ်

ဘယ်မှာရှိလဲ . . . (ခန္ဓာထဲမှာပါဘုရား) ခန္ဓာထဲမှာရှိတယ်၊ ခန္ဓာထဲမှာ ရှိလို့ခင်ဗျားတို့ကိုယ်တိုင် အခုမီးလောင်လို့၊ ကိုယ့်အိမ် ကိုယ့်ယာ ကိုယ့်တိုက်တာတွေ တည်နိုင်ကြတဲ့ ပုဂ္ဂိုလ်လည်း တည်ကြဟုတ်လား၊ အမျိုးမျိုး အဖုံဖုံ၊ အခြံအရံတွေနဲ့ နေကြထိုင်ကြတယ်။

အဲဒီကိုယ့်အိမ်ကိုယ့်ရာကနေပြီး၊ ဟိုသွားပြီးငွေရှာရ၊ ဒီသွားပြီးငွေရှာရ၊ ဟိုသွားပြီး မိတ်ဆွေအပေါင်းအသင်းဖွဲ့ရ၊ ဒီသွားပြီး မိတ်တွေအပေါင်းအသင်းဖွဲ့ရဆိုတာ၊ ကိလေသာမီးလောင်လို့ အိမ်ကကိုထွက်ပြေးနေရတာ၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) ဟိုဈေးစုံစမ်းရေးထွက်ရ၊ မထွက်ရပေဘူးလား (ထွက်ရပါတယ်ဘုရား)။

## လောဘမီး

ဟိုမှာ ရစရာရှိလို့ဟိုသွားလုပ်ရမှာဗျ၊ ကိုယ့်အိမ်မှာမနေရဘူး၊ ဟိုသွားမထွက်ရဘူးလား (ထွက်ရပါတယ်ဘုရား) အဲဒါခင်ဗျားတို့ မီးလောင်လို့ပြေးတာ၊ ဒကာ ဒကာမတို့ ဘာပြုလို့ပြေးတာတုံး (မီးလောင်လို့ပါဘုရား) လောဘမီးလောင်တာ မလောင်ဘူးလား၊ လောင်သလား . . . (လောင်ပါတယ်ဘုရား)။

အဲဒီတော့ ဒီခန္ဓာကြီးဟာ လောင်သာနေတယ်၊ လမ်းမှာလည်း လောင်ရင်းသွားတာပဲမဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်) ဒီခန္ဓာကိုယ်ကြီးကို ဘယ်သူက ဘာနဲ့ကြုံတွေ့လို့ဘာနဲ့တိုက်မိသတုံး၊ ဘာနဲ့ခိုက်မိသတုံး၊ ကားနဲ့ တိုက်မိမလား၊ စက်ဘီးနဲ့တိုက်မိမလား၊ ဒါတွေကြောင့်ကြတဲ့ ဒေါသမီးက ရော (လောင်လျက်ပါဘုရား)။

## ဒေါသမီး

လောင်လျက်နဲ့ အိမ်ကထွက်တုန်းက လောဘမီး၊ လမ်းကျတော့ အန္တရာယ်တွေ့တော့ ဒေါသမီးနဲ့ဟုတ်လား၊ အဲဒီတော့ လောဘမီး၊ ဒေါသမီးဟာ လောင်ပြီးသကာလ လာတော့၊ ကိုယ့်အလုပ်ခွင် ကိုယ့်ရပ်ရွာရှိတဲ့ဆီ ရောက်ပြီးသကာလလာကြတာ၊ အိမ်ဆောက်ပြီးမနေရတာ ဘာပြုလို့ မနေရ တာတုံး၊ ဦးဘကြည်မေးကြည့် . . . (မီးလောင်လို့မနေရတာပါ) မီးလောင်လို့ထွက်ပြေးရတာ။

ဒကာ ဒကာမတို့ အိမ်ဆောက်ပြီး အိမ်မှာနေရတဲ့ ပုဂ္ဂိုလ်အတော် ရှားပါတယ် မရှားဘူးလား . . . (ရှားပါတယ်ဘုရား) ဒါက ညလေးအပန်း ဖြေဖို့၊ ဒါကနေ့အပန်းဖြေဖို့၊ ရိပ်သာလေးတစ်ခုတော့ နေဖို့တော့မဟုတ်ပါ ဘူး၊ နေ့လည်ကျတော့ နေကော နေကြရဲ့လား . . . (မနေရပါဘုရား)။

## ကိလေသာမီး လောင်လွန်းလို့အမြန်ပြေးရ

မဖြစ်ပါဘူး၊ ခြေလျင်သွားရင် နှေးမှာစိုးလို့ စက်ဘီးနဲ့သွားတယ်၊ တစ်ခါတည်း နှေးမှာစိုးလို့ ဦးဘကြည် ကားနဲ့မသွားကြရဘူးလား (သွားရပါတယ်ဘုရား) ကိလေသာမီးကလောင်လွန်းလို့ အမြန်ပြေးကြရတာ၊ အမြန်ပြေးရတယ် (မှန်လှပါဘုရား)။

နှေးနှေးပြေးရင် ကိလေသာမီးက ကိုယ်အမြဲလောင်နေတော့၊ လေယာဉ်ပျံ မြန်လှပြီ အောက်မေ့တော၊ ကိလေသာမီးက သူ့ထက်အရင်ရောက်ချင်တယ်၊ ရှိလိုက်တဲ့ဖြစ်ခြင်း၊ မရှိဘူးလား (ရှိပါတယ်ဘုရား) ရှိလိုက်တော့ ဒကာ ဒကာမတွေ အိမ်ဆောက်ပြီး အိမ်မနေရတာ ဘာမီးပါလိမ့် . . . (ကိလေသာမီးပါဘုရား)။

ခင်ဗျားတို့က ဟိုအိမ်ကမီးနီးလို့၊ ဟိုအိမ်ကလူတွေထွက်ကုန်ပြီလို့ အောက်မေ့မနေနဲ့၊ အိမ်တိုင်းက ထွက်နေတယ်၊ နေ့တိုင်းမီးလောင်နေတာ၊ ဟိုအိမ်သွားကြည့်စမ်း၊ ဒီအချိန်သူ့ကိုတွေ့မလားလို့ လူလွှတ်ကြည့်ရသေးတယ်၊ ရှိမှ ရှိပ့ါမလား၊ မီးလောင်လို့ ပြေးများပြေးနေပြီလားလို့၊ မပြေးကြဘူးလား . . . (ပြေးကြပါတယ်ဘုရား)။

အဲဒီလို ကိလေသာမီး လောင်တော့ ဘယ်သူ့လောင်သတုံးဆိုတော့ ဇရာမီးလောင်တယ်၊ ဒိပြင်ဟာတွေ ရွှေ့လောင်သလား . . . (မလောင်ပါဘူးဘုရား)။

ဦးဘအုန်းကြီး ဘယ်သူ့လောင်သတုံး . . . (ခန္ဓာငါးပါးလောင်ပါတယ်ဘုရား)။ ခန္ဓာငါးပါးသာလောင်ချတယ်၊ အဲတော့ ခန္ဓာငါးပါးလောင်ချပြီးသကာလနေတော့ ဒီခန္ဓာကြီးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အိုချိန်မရောက်ဘဲနဲ့ အိုဖို့၊ နာချိန်မရောက်ဘဲနဲ့ . . . (နာဖို့ပါဘုရား)။ သေချိန်မရောက်ဘဲနဲ့ . . . (သေဖို့ပါဘုရား)။

## ကိုယ့်ကိုယ်ကိုယ်သတ်သေတဲ့မီး

ဒါ ခင်ဗျားတို့ ဘယ့်နှယ်ကြောင့် အချိန်တွေ ခုနှစ်ဆယ့်ငါးနှစ်တန်းမှာ နေသင့်ပါလျက်သားနဲ့ တချို့ခုနှစ်ဆယ့်ငါးနှစ်မှ မပြည့်ခင် အသက်သုံးဆယ်၊ လေးဆယ်၊ ငါးဆယ်က သေကြတယ်ဆိုလို့ရှိရင်၊ ဘာမီးတုံးလို့ မေးလို့ရှိရင်ဖြင့် အခြားမီးမဟုတ်ဘူးဟေ့၊ မင်းတို့ဟာမင်းတို့ ကိုယ့်ကိုယ်ကိုယ်သတ်သေတဲ့မီး (မှန်ပါ့)။

မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)၊ ဘာမီးပါလိမ့် . . . (မရဏမီးပါဘုရား)၊ လောဘမီး၊ မရဏမီးက မပူသေးပါဘူး၊ လောဘမီးက လောင်တုံးရှိသေးတယ်၊ တချို့လောဘမီးလောင်တာနဲ့ပဲ တစ်ခါတည်း ကိုယ်ခင်တဲ့ပုဂ္ဂိုလ်၊ ကိုယ်ကြင်နာတဲ့ပုဂ္ဂိုလ်နဲ့ အတူတူမနေရလို့ ရေထဲ သေတဲ့ပုဂ္ဂိုလ်နဲ့၊ မီးထဲခုန်ဆင်းတဲ့ ပုဂ္ဂိုလ်နဲ့ ဒါဘယ်မီးလောင်တာပါ လိမ့် . . . (လောဘမီးပါဘုရား)။

လောဘမီးလောင်တယ်၊ ဟုတ်လား၊ မခံချင်တဲ့စိတ်များတော့ ဒေါသ မီးနဲ့ သေလိုက်တာအေးပါသေးတယ်ဆိုတော့ ဒါဘာမီးတွေလောင်တာပါ လိမ့် . . . (မရဏမီးပါဘုရား)၊ မရဏမီးကို မလာသေးပါဘူး. . . (မှန်ပါ့) မရဏမီးက သက်တန်းစေ့မှ လာမှာကိုးဗျ . . . (မှန်ပါဘုရား)။

အဲဒီအချိန်ထိမစောင့်ဘူး၊ စောစောသတ်မယ်ဆိုတဲ့မီး၊ ရိပ်မိပြီလား . . . (ရိပ်မိပါတယ်ဘုရား)၊ စောစောသတ်တဲ့မီးက ဘယ်မီးပါလိမ့်မတုံး (လောဘမီး၊ ဒေါသမီးပါဘုရား)၊ လောဘမီး၊ ဒေါသမီး၊ မောဟမီးဆိုတာ ကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့မှာ ရင်ထဲမှာ တစ်ခါတည်း ပူလိုက်၊ အိုက်လိုက်၊ စိတ်ပူကိုယ်ပူဆိုတာတွေဟာက စိတ်ချလက်ချ အေးအေး ချမ်းချမ်း နေရတဲ့အချိန် ဘယ်အချိန်လဲလို့မေးလို့ရှိရင် ဘယ်အချိန် မှ မရှိဘူးလို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါဘုရား)။

ဟုတ်ဖူးလား၊ သားပူ ပူလည်း ဒီထဲက လောဘထတောက်တာပဲ၊ သမီးပူ၊ ဆွေပူ၊ မျိုးပူ၊ မင်းပူ၊ စိုးပူတွေကော အကုန်မလောင်ဘူးလား . . . (လောင်ပါတယ်ဘုရား)။

## အိပ်ယာထဲမှာ မျက်ရည်သုတ်ရတယ်

လောင်တဲ့အပြင် သောက၊ ပရိဒေဝတွေကော . . . (လောင်ပါတယ်ဘုရား)၊ တစ်ခါတလေ အိပ်ယာထဲများ ကိုယ့်ဟာကိုယ်မျက်ရည် သုတ်နေရတဲ့ဘဝတွေကော မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

အံမလေး ! အတွင်းများ ပိတ်ပြီးလောင်နေတာ အခန်းပိတ်လောင်နေတာ . . . (မှန်ပါဘုရား)။ ရိပ်မိပြီလား ဒကာ ဒကာမတို့၊ ဘယ်လောက်များဆိုးသလဲဆိုတာပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဒါ . . . မရဏမီးလို့ဆိုမလား၊ ကိလေသာမီးလို့ဆိုမလား . . . (ကိလေသာမီးပါဘုရား)၊ ဪ . . . ဒီကိလေသာမီးအလောင်ခံဖို့ ခင်ဗျားတို့ ဆုတောင်းထားတာကိုး ဒီခန္ဓာကြီးဟာ . . . (မှန်လှပါဘုရား)။

ကိလေသာမီး အလောင်ခံပြီး သေခြင်းဆိုးသေရပါလို၏တဲ့၊ ဒုက္ခရောက်ပြီး သေရပါလို၏ . . . (မှန်လှပါ)၊ ဒီခန္ဓာကြီးဟာ အလောင်ခံရတဲ့ခန္ဓာကြီးမို့ ခင်ဗျားတို့သည် မီးလောင်ခံရတဲ့သူကို သုခလို့ဆိုမလား၊ ဒုက္ခလို့ဆိုမလား . . . (ဒုက္ခပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား) ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)။

## သန္တာပဒ္ဓော

သန္တာပဒ္ဓော လေ . . . (မှန်ပါဘုရား)၊ ဆင်းရဲမီးဖြင့် ညီးညီးတောက်ပြောင်၊ အမြဲလောင်ကျွမ်းနေသော အနက်သဘောသည်လည်းကောင်း၊ သူက သန္တာပဋ္ဌသတ္တိရှိတယ် . . . (မှန်ပါဘုရား)။

ဆင်းရဲမီး အလောင်ခံဖို့ သတ္တိရှိတယ် . . . (မှန်ပါဘုရား)၊ ဒကာ ဒကာမတို့ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ကံကောင်းလို့ လူဖြစ်လာတာလား၊ လောင်စာဆုတောင်းလို့လူဖြစ်လာတာလား၊ လောင်စာဆုတောင်းလာတာပါ . . . (လောင်စာဆုတောင်းလာတာပါဘုရား)။

အဲဒါ ဘဝသံသရာမှာ ခင်ဗျားတို့ အမိုက်ကြီး မိုက်လာတာ၊ ဒီလောင်စာကို ဆုတောင်းတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည်ကားလို့ဆိုလို့ရှိရင်ဖြင့် လောင်စာသိမ်း၍ ငြိမ်းရပါလို၏ဆိုရင် ဘယ်လောက်ကောင်းမလဲ . . . (ကောင်းပါတယ်ဘုရား)။

## လောင်စာသိမ်း၍ ငြိမ်းရပါလို၏

ဒါက လောင်စာ . . . (မှန်ပါဘုရား) ငြိမ်းရပါလို၏ဆိုတာ အတွင်းကမီး . . . (မှန်ပါဘုရား)၊ လောင်စာသိမ်း၍ ငြိမ်းရပါလို၏ဆိုတာ သာလျှင် ခင်ဗျားတို့ ကိုယ့်ဖို့အစစ် . . . (မှန်ပါဘုရား)။

ကျန်တာတွေ အဲဒီဆုတွေတော့ ဘယ်သူမှ မတောင်းနဲ့ . . . (မတောင်းပါဘုရား)၊ လောင်စာ ကြီးကြီးကျယ်ကျယ်ဖြစ်ရပါလို၏ နတ်လောင်စာ၊ ဗြဟ္မာလောင်စာ၊ စကြဝတေး မန္ဓာတ် လောင်စာ၊ လောင်စာကြီး၍ မီးကြီးရပါလို၏၊ ဒါသာဆုတောင်းလေ့ရှိတယ် ဒကာ ဒကာမတို့ မတောင်းကြပေဘူးလား . . . (တောင်းပါတယ်ဘုရား)။

ဒါဖြင့် အဲဒါသစ္စာသိတဲ့ ပုဂ္ဂိုလ်လား၊ သစ္စာမသိကဲ့ပုဂ္ဂိုလ်လား . . .

(သစ္စာမသိတဲ့ပုဂ္ဂိုလ်ပါဘုရား)။ ဘယ်တော့ နိဗ္ဗာန်ရမတုံး . . . နိဗ္ဗာန်ဆို တာ လောင်စာနဲ့မီးငြိမ်းရမယ် . . . (မှန်ပါ)။

ဦးဘကြည် ဒါက လောင်စာမဟုတ်လားဗျာ . . . (မှန်ပါဘုရား)။ ကိလေသာက . . . (မီးပါဘုရား)၊ လောင်စာနဲ့မီးငြိမ်း၍ သိမ်းတာမှ နိဗ္ဗာန် ကိုးဗျ . . . (မှန်လှပါဘုရား)။ ဒုက္ခနဲ့သမုဒယချုပ်မှကိုးဗျ . . . (မှန်လှပါ ဘုရား)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့က လောင်စာနဲ့ မီးတွဲလျက်ကြီးဖြစ်ရပါလို၏၊ အံ့မလေး! ကြောက်စရာကောင်းတဲ့ ဒကာ ဒကာမတွေ . . . ဘယ့်နှယ်များ ဆုတောင်းလေ့ရှိတုံး . . . (လောင်စာနဲ့မီးတွဲလျက်ကြီး ဖြစ်ရပါလို၏)။

ဖြစ်မှဖြစ်ရလေဗျာ၊ ဖြစ်မှဖြစ်ရလေ ဒကာ ဒကာမတို့၊ ခင်ဗျားတို့ တောင်းထားတဲ့ဆုဟာ အခုတော့ အကျိုးပေးပါပေါ့လား . . . (မှန်ပါ ရှေ့လည်းလာဦးမှာပါဘုရား) လာဦးမယ်၊ ရိပ်မိပြီလား ဒကာ ဒကာမတို့ . . . (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ တောင်းထားတဲ့ဆုဟာ ရှေ့ကလည်း တောင်းလို့မရဘူး၊ ဘယ်သူကဘယ်လိုဖြစ်နေလို့၊ ဘယ်သူ့ဆီရစရာကလည်းမရဘူး၊ ကိုယ့်မှာ လည်း အထုပ်အထည်မရှိတော့ဘူး၊ အိုခက်ကုန်ပြီ၊ လောင်ကုန်ပြီကောဗျ . . . (မှန်လှပါဘုရား)။

မလောင်သေးဘူးလား . . . (လောင်ပါတယ်ဘုရား)၊ အဲဒါသည် ခင်ဗျားတို့ ကံမကောင်းအကြောင်းမသင့်လို့ တွေ့ရတာလား၊ ဆုတောင်းပြည့် တာလားသာမေး . . . (ဆုတောင်းပြည့်တာပါဘုရား)။

တောင်းတဲ့ဆုပြည့်ပါစေသတည်းဆိုတာဒါပဲ၊ အဲဒါ ဘယ်မှာမဆို ခင်ဗျားတို့က ပစ္စေကဗုဒ္ဓါဆီ ဆုတောင်းလည်း ဒါပါတာပဲ၊ ဘုရားဆီ ဆုတောင်းပြန်လည်း သစ္စာမသိရင် ဒါပါတာပဲ . . . (မှန်ပါ)။ မပါဘူးလား (ပါပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တောင်းတဲ့ဆုပြည့်တော့ကို ခင်ဗျားတို့ အငြိမ်နေလို့ ရသေးရဲ့လား . . . (မရပါဘူးဘုရား)၊ မရတော့ဘူး။

## လောင်စာနဲ့မီးငြိမ်းမှသာလျှင်နိဗ္ဗာန်

မအိုချိန်တန် အို၊ မနာချိန်တန် နာ၊ သေမဲ့လမ်းဘက်တိုးသွား၊ ဒီလို မနေရပေဘူးလား . . . (နေရပါတယ်ဘုရား)၊ နေရတော့ကိုးတဲ့ ဒီလောင်စာမီးသည်ကားလို့ဆိုရင် ဒကာ ဒကာမတို့လောင်စာနှင့်မီးငြိမ်းမှ သာလျှင် နိဗ္ဗာန် . . . (မှန်ပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာသိတဲ့ပုဂ္ဂိုလ်မှ၊ ဒုက္ခသစ္စာက ခန္ဓာငါးပါးက ဒုက္ခသစ္စာ၊ ဖြစ်ပျက် ဒုက္ခသစ္စာပေါ့ဗျာ . . . (မှန်ပါဘုရား)၊ သိတာက မဂ္ဂသစ္စာ . . . (မှန်ပါဘုရား)။

ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့သိတဲ့အချိန်ကျတော့မှ သမုဒယလောင်စာ မီးက အရင်သိမ်းတယ် . . . (မှန်လှပါဘုရား)၊ ပြီးတော့မှ ထင်းက အကုန် သိမ်းတယ် . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (မှန်ပါ)။

သဉပါဒိသေသ၊ အနုပါဒိသေသ နှစ်ချက်ခွဲတယ် . . . (မှန်ပါ ဘုရား)၊ ရှေးဦးစွာ မီးအရင်သိမ်းလိုက်တယ် . . . (မှန်ပါ့)။ ပြီးတော့မှ လောင်စာ သိမ်းတယ်၊ ရှင်းပြီလား . . . (မှန်ပါ)။

သဉပါဒိသေသ နိဗ္ဗာန်ဆိုတာ ဘာအရင်သိမ်းသတုံး . . . (မီးအရင် သိမ်းပါတယ်ဘုရား)၊ အဲဒါ ကိလေသာ သိမ်းတာကစတာ၊ သဘောကျပြီလား (မှန်ပါ)၊ ဒါဖြင့် မီးအရင်သိမ်းတယ်၊ သဘောကျပြီလား . . . (မှန်ပါ)။

ပြီးတော့မှ ဘာတုံး . . . (လောင်စာသိမ်းပါတယ်ဘုရား)၊ လောင်စာ သိမ်းတယ်၊ သဘောကျပြီလား . . . (မှန်ပါ)၊ အဲဒီတော့ကိုး ဒါ မင်္ဂလာပေ လို့နော် . . . (မှန်ပါ)၊ သူ့ကို သစ္စာမှန်းသိလို့ . . . (မှန်လှပါ) ဒီမီးငြိမ်းသွား တာ . . . (မှန်လှပါ)။

မီးငြိမ်းသွားတော့ သစ္စာမှန်းသိနေတော့ ခင်ဗျားတို့ ဆုတောင်းပြည့်တဲ့ဥစ္စာက ထင်းကလေးကတော့ ကျန်ရဦးမှာပဲ . . . (ကျန်မှာပါဘုရား)၊ မကျန်ဘူးလား . . . (ကျန်ပါတယ်ဘုရား)။

## ဘုရားဖြစ်တော့မီးတော့သိမ်းတယ်

ဘုရား ဗောဓိပင်နှင့် ရွှေပလ္လင်မှာတဲ့ မီးတော့သိမ်းတယ် . . . (မှန်ပါ)။ လောင်စာမသိမ်းနိုင်ဘူး၊ သိမ်းနိုင်ရဲ့လား . . . (မသိမ်းနိုင်ပါဘုရား) ကိုယ်တော်ကြီးကျန်နေတယ် . . . (မှန်ပါ)။ ပေါ်ကြပြီလား ဒကာ ဒကာမတို့ (ပေါ်ပါပြီဘုရား)။

အင်း . . . ဒါဖြင့် ကိုယ်တော်မြတ်ကြီးက ဝိပါကဝဋ် . . . (မှန်ပါ)၊ ဆုတောင်းပြည့်ထားပြီး . . . မပြည့်ဘူးလား . . . (ပြည့်ပါတယ်ဘုရား)။

ငါဘုရားဖြင့် နှစ်ရှစ်ဆယ်တော့ နေရပါလို၏ကွာဆိုတော့ နှစ်ရှစ်ဆယ် ထင်းဖြစ်ရပါလို၏ဆိုတာ . . . (ပါနေပြီ) ပါလျက်ပဲဆိုတာ ရိပ်မိကြပြီလား . . . (ရိပ်မိပါတယ်ဘုရား)။

အံ့မလေး! ဒကာ ဒကာမတို့ ခင်ဗျားတို့ တောင်းထားတဲ့ အကြိမ်ကြိမ်ဆိုရင်တော့ သွားပါပြီ . . . (မှန်ပါဘုရား)၊ မသွားသေးဘူးလား . . . (သွားပါတယ်ဘုရား)၊ အကြိမ်ကြိမ်ဆိုလို့ရှိရင်ဖြင့် ထင်းအကြိမ်ကြိမ် မီးနဲ့တွဲ၍ အကြိမ်ကြိမ်၊ ဒါဖြင့် သေခြင်းဆိုးနဲ့ ဆုတောင်းတာ . . . ဟုတ်လား၊ သေခြင်းဆိုးသေရပါလို၏။

သေခြင်းဆိုးသေရပါလို၏ အသံကတော့ ဒီအသံဗျ၊ လူဖြစ်ရပါလို၏ ဆိုတော့ နားတော့ယဉ်တယ်ပေါ့ဗျာ နောက်လူကောင်၊ နတ်ကောင်ဖြစ်ရပါလို၏ဆိုတော့ နားဘယ့်နှယ့်နေတုံး ထောင်လို့တော့ကောင်း ဟုတ်လား၊ ဖြစ်စဉ်ကြည့်လိုက်တော့ မီးနဲ့လောင်စာတွဲပြီး သေပွဲချည့်ဝင်ရပါလို၏ . . . (မှန်လှပါ)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

## မီးလောင်စာတွဲပြီးသေပွဲဝင်ရ

မီးနဲ့လောင်စာတွဲပြီး ဘာတုံး . . . (သေပွဲဝင်ရပါလို၏ဘုရား)၊ အဲဒါ ခင်ဗျားတို့ ကိုယ်ကိုယ်တိုင် တောင်းထားတဲ့ဆု၊ ခု-ဘယ့်နှယ့်နေသတုံးဆိုတော့ အတွဲကြီးတွဲတုန်းဘုရား ဟုတ်လား။

ရှေ့များ တပည့်တော်ကောင်းစားဦးမှာလားမေးရင် တွဲစရာ ကျန်သေးတယ်၊ ရိပ်မိပြီလား . . . (မှန်ပါ) ရှေ့ကောင်းစားဦးမှာလားဆိုတော့ ဘယ်လို ဆုံးဖြတ်ချက်ချ . . . (တွဲစရာကျန်ပါတယ်ဘုရား)၊ ကျန်သေးတယ်၊ အိုတုန်းလည်း အလောင်ခံရဦးမှာ၊ နာတုန်းကော . . . (အလောင်ခံရမှာပါဘုရား)။

နာတုန်းလည်း ဟိုစိတ်မချ၊ ဒီစိတ်မချ၊ ဟိုအမွေပေးချင်၊ ဒီအမွေပေးချင်ဆိုတော့ ကိလေသာမီးကလည်းလာသေးတာဗျ . . . (မှန်ပါ)။

နာတာကတစ်ဖက်၊ လောင်တာကတစ်ဖက်ကိုးဗျ . . . (မှန်လှပါ) ရိပ်မိပြီလား . . . (ရိပ်မိပါတယ်ဘုရား)။

နာမှု နှိပ်စက်တာကတစ်ဖက်၊ ပေးစရာ ကမ်းစရာတွေ စိတ်မချ လက်မချ လောင်နေတာကကော . . . (တစ်ဖက်ပါဘုရား)။

## ထင်းက (၅)ပါး

အံမလေး ဒါဖြင့် ထင်းနဲ့လောင်စာ၊ ထင်းနဲ့မီး၊ ဘယ်သူများသလဲဆိုတော့ ထင်းတုံးက ငါးပါးပဲရှိပါတယ်၊ ငါးတုံးပဲရှိတယ် . . . (မှန်ပါ)။ လောင်စာမီးက တစ်ထောင့်ငါးရာ . . . (မှန်ပါ)။

## လောင်စာမီးက (၁၅၀၀)

လောင်စာမီးက တစ်ထောင့်ငါးရာ . . . (မှန်ပါ)၊ မီးနဲ့ထင်းနဲ့ မျှရဲ့လား . . . (မမျှပါဘူးဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ကိုယ်ဟာ ဖျတ်ခနဲ၊ ဖျတ်ခနဲ တစ်ခါတည်း လောင်တာ ရိပ်မိပြီလား . . . (ရိပ်မိပါတယ်ဘုရား)။

တေဇောမီးက လောင်လိုက်၊ ကိလေသာမီးကကော . . . (လောင်လိုက်ပါဘုရား)၊ ကိလေသာမီးက ဘာလောင်သလဲဆိုတော့ နာမ်လည်း လောင်လိုက်၊ ရုပ်ကော . . . (လောင်ပါတယ်ဘုရား)။

နာမ်လည်းလောင်၊ ရုပ်လည်းလောင်၊ သဘောကျရဲ့လား . . . (မှန်ပါ)၊ ဒီထဲ ဇရာမီးက လောင်လိုက်၊ မိဘရိုးရာကပါလာတဲ့ ခန္ဓာတေဇော မီးကကော . . . (လောင်ပါတယ်ဘုရား)၊ ဥဒဇမီးကကော . . . (လောင်ပါတယ်ဘုရား)။

အံမလေး! ဒကာ ဒကာမတို့ တွေ့ထားတဲ့ ဆုကဖြင့် လောင်ဆဲမတ္တပဲ ရှိပါလား . . . (မှန်ပါဘုရား)၊ အဲဒီလောင်ဆဲမတ္တကို၊ ဩော် . . . **သန္တာပဌော - ဆင်းရဲမီးဖြင့် ညီးညီးတောင်ပြောင် အမြဲလောင်ကျွမ်းနေသော အနက်သဘော**သည်လည်းကောင်းဆိုတော့၊ ဒါကို မီးလောင်နေတယ်၊ မီးလောင်နေတဲ့ခန္ဓာကြီး မီးလောင်ခံနေရတဲ့ ခန္ဓာကိုယ်ကြီးဆိုပြီးသကာလ သူ့ဖြစ်ပျက်ကို ဖြစ်ပျက်ရှုပေး . . . (မှန်ပါ)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

## ဘာဖြစ်လို့ဖြစ်ပျက်နေရတုံး

ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် ဒီအတိုင်းချည့်နေတာပဲ . . . (မှန်ပါ)။ ဒါ ဘာဖြစ်လို့ ဖြစ်ပျက်နေရတုံးဆိုတော့ မီးလောင်လို့ကွ (မှန်ပါ)။

တစ်ခုသော ရုပ်ထဲပါတဲ့ တေဇောက သူ့ရုပ်သူလောင်၊ ဟိုရုပ် အစားထိုး၊ ထိုးပြီးလောင်ပြန်ပြီ၊ နာမ်ဓမ္မတွေကလည်း တစ်ခုကချုပ်ပြီး တစ်ခုက အစားထိုးသွား၊ တစ်ခုက ဘာပြုလို့ချုပ်သွားရသတုံး၊ အို့ . . . ဇာတိ

မီး၊ ဇရာမီးကြောင့်၊ တချို့ ဒကာ ဒကာမတွေကျတော့ ဇာတိမီး၊ ဇရာမီးကြောင့်၊ တချို့ကျတော့ တေဇောမီးကြောင့် ဇာတိ၊ ဇရာ၊ မရဏာဘက်ထား လိုက်ပါတော့ မထူးတော့ပါဘူး . . . (မှန်ပါ)။

ဇာတိ၊ ဇရာမီးကော၊ တေဇောမီးကော မလောင်ဘူးလား . . . (လောင်ပါတယ်ဘုရား)။ ဒါဖြင့် မီးလောင်တာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

အဲဒီမီးလောင်တာကြီးမြင်တော့ ဒါကြီးဟာ ကံကောင်းလို့ဖြစ်တာလို့ ဆိုမလား၊ ဒုက္ခရောက်တာလို့ဆိုမလား . . . (ဒုက္ခရောက်တာပါဘုရား)။

## ငရဲခံနေရတာနဲ့အတူတူပဲ

မီးလောင်လိုက်၊ ပြောင်လိုက်၊ အစားထိုးလိုက် ပြောင်လိုက် အစားထိုးလိုက်ဆိုတော့ ငရဲခံနေရတာနဲ့ အတူတူပဲ . . . (မှန်ပါ)။ ငရဲခံနေရတာသည် ဒယ်အိုးထဲကျလိုက် ဝိညာဉ်ချုပ်သွားသလိုလိုရှိလိုက်၊ ဟုတ်လား။

ကံက မကုန်သေးတော့ဝိညာဉ်က အစားထိုးပြန်တော့ အနာခံရမှ ပြီးမှာကိုးဗျ . . . (မှန်လှပါ)၊ အနာမခံဘဲနဲ့ ငါးပျော်သလို အသေပျော် ဆိုရင်တော့ ဘယ်သူဖြစ်ဖြစ်ဗျာ တစ်ခါသေတာဘာအရေးကြီးသတုံး၊ မဟုတ်ဘူး၊ အသက်က၊ ဝိညာဉ်က ပြန်ပြန်လာသေးတယ်၊ ရိပ်မိပြီလား . . . (ရိပ်မိပါတယ်ဘုရား)။

ဝိညာဉ်ချုပ်အောင်လုပ်လိုက် နောက်ဝိညာဉ်သစ်က အနန္တရနဲ့ အစားထိုးလိုက်၊ ဥပနိဿယက ထိုးလိုက် ကံက ထိုးလိုက်၊ ဒီလိုမနေပေဘူးလား . . . (နေပါတယ်ဘုရား)။

အဲဒီလို ထိုးလိုက်တော့ ဒီပုဂ္ဂိုလ်သည် ဒီခန္ဓာငါးပါးကြီးသည် လောင်စာအစစ်ဟုတ် မဟုတ် . . . (ဟုတ်ပါတယ်ဘုရား)၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

## ပျောက်လိုက် အစားထိုးလိုက်

ဒါဖြင့် လောင်စာအစစ်ဖြင့် အလောင်ခံနေရသောကြောင့် ဘာသစ္စာဖွဲ့မတုံး . . . (ဒုက္ခသစ္စာပါဘုရား)၊ ဒီလိုဒုက္ခသစ္စာမြင်ရမယ်တဲ့၊ လောင်လိုက်ပျောက်ပျောက်သွားလိုက်၊ အစားထိုးလိုက်၊ ပျောက်လိုက် အစားထိုးလိုက်ဆိုတော့၊ နောက်ဆုံးပိတ်ကျတော့ သစ္စာရော အနိစ္စရောတွဲသွားတယ်၊ အနိစ္စဆိုတာ အခြားမှတ်မနေနဲ့၊ ဒုက္ခဆိုတာ တခြားမှတ်မနေနဲ့ . . . (မှန်လှပါဘုရား)။

အနတ္တဆိုတာကော . . . (တခြားမမှတ်ရပါဘုရား)၊ တခြားမှတ်မနေနဲ့တော့ ခင်ဗျားတို့ ခဏ ခဏ လောင်လိုက်၊ ပြောင်လိုက်၊ အစားထိုးလိုက်မှတ်ပါ၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒါက ခန္ဓာငါးပါးရလို့နော် . . . (မှန်ပါ)၊ ခန္ဓာငါးပါးရလို့ ခင်ဗျားတို့ လောင်စာနဲ့ မီးတွဲလျက်ကြီးဖြစ်ရပါလို၏လို့ဦးခင်မောင်တို့ တောင်းထားတဲ့ဆုပေါ့ဗျာ . . . (မှန်လှပါဘုရား)။ ကဲပြည့်ပြီလား . . . (ပြည့်ပါပြီဘုရား)။

## သာမညဘုန်းကြီးနဲ့တွေ့ရင်

ဒကာ ဒကာမတွေ သာမညဘုန်းကြီးနဲ့ တွေ့ရင် မနုဿတ္တဘာဝေါဒုလ္လဘော၊ အံမာ အံမာ အရတော်နေတာ၊ ပျော်ပျော်နေလိုက်ဦးမယ်များလုပ်မနေနဲ့၊ သစ္စာကျတော့ ပျော်ဖို့ကိုမပါဘူး၊ ပါသေးရဲ့လား . . . (မပါပါဘူးဘုရား)။

အဲ-ဒါဖြင့် ကိုထွန်းဦး တရားနာကတည်းက ကိလေသာ ဘယ့်နဲ့နေလဲ . . . (ခြောက်ပါတယ်ဘုရား)၊ အသေအချာနာကြည့်တော့မှ နေ့တိုင်းအလောင်ခံနေရတာပဲ၊ ကျုပ်ပြေးလွှားနေတာတွေဟာ ကိုယ့်စရိတ်နဲ့ ကိုယ်ပြေးတယ်လို့ အောက်မေ့တယ်။

ဘယ်ဟုတ်မလဲ လောဘကတွန်းလိုက်၊ ဒေါသကတွန်းလိုက် မခံချင်လို့သွားတဲ့နေရာလည်း ရှိသေးတာကိုး . . . (မှန်ပါ)၊ ရလိုလို့ သွားတဲ့နေရာကော. . . (ရှိပါတယ်ဘုရား)၊ ခံသာလို့သွားတဲ့နေရာကော (ရှိပါတယ်ဘုရား)။

ဟ! ဒီပုဂ္ဂိုလ်ဘာဖြစ်နေတုံး၊ အို ကိလေသာမီးလောင်ပြီး မပူတဲ့နေရာမနေနိုင်လို့ ပြေးတာ . . . (မှန်ပါ)၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

စိုးရိမ်လို့ပြေးတော့ သောကမီးလောင်တာပဲ . . . (မှန်ပါ)၊ ဟုတ်လား၊ ဇရာဘက်ပြေးလည်း ပရိဒေဝမီးလောင်တာပဲ . . . (မှန်ပါ)။ ဒကာ ဒကာမတို့ ခင်ဗျားတို့ ပြေးရလွှားရတာသည် ရှိုးရှိုးပြေးလား၊ ပျာယာ ခတ်ပြီး မီးဟပ်လို့ ပြေးတာလား . . . (ပျာယာခတ်မီးဟပ်လို့ ပြေးတာပါ ဘုရား)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

## ဖြည်းဖြည်းမှဆိုရင် လွဲလိမ့်ဦးမယ်

ကောင်းပြီ ဒါက လက်ရှိခန္ဓာကြီး လောင်တာနော် . . . (မှန်ပါ)၊ ခင်ဗျားတို့ ရှင်းပြပါဦးမယ်၊ ဒီလောင်တာဟာ ဒီလောက်ကိစ္စမရှိသေးပါဘူး (မှန်ပါ)၊ ခင်ဗျားတို့ ဆုရှည်ကြီးများ တောင်းထားလို့ နိဗ္ဗာန် ဖြေးဖြေးမှ ယူမယ်လို့ ခင်ဗျားတို့ အကြံညာဏ်များ ပေါ်လို့ရှိရင် ကောင်းကောင်းကြီးလွဲပါလိမ့်ဦးမယ်။

ဘယ်လိုကောင်းကောင်းကြီး လွဲမတုံးဆိုတော့ ဒီဘဝပြုထားတဲ့ဒါနလေး၊ သီလလေး၊ တရားနာထားတာလေးတွေ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့သူတော်ကောင်းရတနာလေးတွေ ဝမ်းထဲ တစ်ခါတစ်ခါ မကိန်းဘူးလား . . . (ကိန်းပါတယ်ဘုရား) ကိလေသာမရှိတဲ့အချိန် . . . (မှန်ပါ)။

အဲတော့ ဒီရတနာလေးတွေ၊ ဆရာကပေးထားတာလေးတွေ၊

ကိုယ်က ဆည်းပူးထားတာလေးတွေ၊ ခုနက ဉာဏ်ကလေးနဲ့ ထုတ်ထားတာလေးတွေ . . . (မှန်ပါ)။ ဘယ်ရောက်ကုန်တုံး . . . ကိလေသာမီးလောင်လို့ ပြောင်ပြန်ပြီ . . . (မှန်ပါ)။

သူတော်ကောင်း ရတနာတွေ ဘယ်ရောက်ကုန်တုံး . . . (ကိလေသာမီးလောင်သွားပါတယ်ဘုရား)။ ဘယ်တော့ ပါရမီပြည့်မတုံး . . . ရပ်ရင်း လောင်ရင်း၊ ရပ်ရင်း လောင်ရင်း . . . (မှန်လှပါ)။

ဆရာသမား ဘုန်းကြီးများနဲ့ တွေ့လို့၊ သာမည တော်သေးရဲ့၊ ဒီလောက်ပဲတတ်နိုင်လို့ ဒီလောက်ပဲချီးမြှောက်တယ်ဆိုဦးတော့၊ ခင်ဗျားတို့ အိမ်ကျတော့ သောက၊ ဗျာပါဒစိတ်တွေက ဝင်မလာပေဘူးလား. . . (ဝင်လာပါတယ်ဘုရား)။

သူကလည်း ဟဒယဝတ္ထုပေါ် ကိန်းရတာ . . . (မှန်လှပါ)၊ သောက ဗျာပါဒကလည်း ဘယ်ပေါ်ကိန်းသတုံး . . . (ဟဒယဝတ္ထုပေါ်ပါဘုရား)။

## သူတော်ကောင်းရတနာလေးတွေ

ဒါဖြင့် ဟိုကမီး. . . (မှန်ပါ) ဟုတ်လား၊ အဲဒီမီးကို ဒီကပေးလိုက်တဲ့ သူတော်ကောင်းရတနာလေးတွေ၊ နိဗ္ဗာန်ရောက်ကြောင်းလေးတွေ၊ သစ္စာတရား နာထားတာလေးတွေ၊ သစ္စာတရားမြင်ထားတာလေးတွေ မပေါက်မြောက်သေးတော့ကို၊ ဒါလေးတွေက သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာလေးတွေက ခန္ဓာကိုယ်ထဲမှာ ခုလိုအချိန်မှာ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

ရှိပင်ရှိငြားသော်လည်း သားရေး၊ သမီးရေး၊ စီးပွားရေး ရှုပ်လာတဲ့ အခါကျတော့ ဒီထဲမှာ လောဘ၊ ဒေါသ၊ မောဟ လာပြီလား၊ မလာဘူးလား . . . (လာပါတယ်ဘုရား)။

လာသည်နဲ့ တစ်ပြိုင်နက်တည်း သူတို့ ဘယ့်နှယ်နေသေးသတုံး. . . (လောင်သွားပါတယ်ဘုရား)။

## ပြည့်မည်ကြံလိုက်၊ မီးလောင်လိုက်

အဲဒါ ဘုရားအဆူဆူတို့ဟောသည်တိုင်အောင် နာရဖို့ခဲယဉ်းပါတယ်၊ ဒကာ ဒကာမတို့မဟုတ်ဘူးလား . . . (ဟုတ်ပါတယ်ဘုရား) ထိုက်တန်တဲ့ပါရမီတွေလည်းရှိကြပါရဲ့၊ ပါရမီပြည့်မည်ကြံရင် ဦးချစ်ခ ဘာဖြစ်ရင်းဖြစ်နေလဲ . . . (လောင်ရင်းဖြစ်နေတယ်ဘုရား)။

ဒါဖြင့် သံသရာထဲမှာ ပါရမီမပြည့်လို့ထွက်ရပ်လမ်း မဝင်ရတော့ပါဘူးဆိုရင်ဖြင့်၊ ခင်ဗျားတို့ကလည်း ရရင်းမီးရှို့ရင်းဆိုတော့ ဘယ်ပြည့်မှာတုံး (မပြည့်ပါဘုရား)၊ ကဲ ဦးဘကြည်ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ခန္ဓာကိုယ်တင်လောင်သလား၊ သူတော်ကောင်းရတနာပါလောင်သလား . . . (သူတော်ကောင်းရတနာပါလောင်ပါတယ်ဘုရား)၊ ဒါဖြင့် နာလိုက်တဲ့ဖြစ်ခြင်းဗျာ၊ မပြောပါနဲ့တော့။

## သူတော်ကောင်းရတနာပါ လောင်ပစ်တယ်

အင်း. . . သူတော်ကောင်း ရတနာပါလောင်ပစ်လိုက်တယ်ဆိုတော့၊ သစ္စာမသိခင်တုန်းကဖြင့် လောင်မှန်လည်းမသိဘူး၊ လောင်တာလည်း ကေန်ပဲ၊ အရင်းတွေ အကုန်ရှုံးဗျာ၊ သဘောကျပလား . . . (ကျပါပြီဘုရား) ပါလာတဲ့ အရင်းတွေဘယ့်နှယ်နေတုံး ဦးဘကြည် . . . (ရှုံးပါတယ်ဘုရား)။

ရှုံးလိုက်တဲ့ဖြစ်ခြင်းမှ ခင်ဗျားတို့ခန္ဓာရှုံး၊ သူတော်ကောင်းရတနာအထုပ်အထည်တွေကော (ရှုံးပါတယ်ဘုရား) ရှုံးတယ်၊ ဒါဘယ့်နှယ်ကြောင့် အရှုံးကြီး ရှုံးရပါလိမ့်လို့ မေးတဲ့အခါကျလို့ရှိရင်၊ သစ္စာသိတဲ့ဉာဏ်မလာတော့ဘူး။

## သစ္စာသိတဲ့ဉာဏ်

သစ္စာသိတဲ့ဉာဏ်လာတော့ သစ္စာသိတဲ့ဉာဏ် ဒီအထဲမှာ ကိန်းနေတယ်၊ သစ္စာရှုရင်းသစ္စာသိရင်း၊ သစ္စာရှုရင်းသစ္စာသိရင်းဆိုတော့ ကိလေသာဝင်ခွင့်ရသေးရဲ့လား . . . (မရပါဘုရား)၊ မရတော့ဘယ်သူ့လောင်တုံး . . . (လောင်စရာမရှိပါဘုရား)၊ လောင်စရာမရှိတော့ဘူး၊ ကိလေသာထွက်ပြေးရတော့တယ်၊ သူကနိုင်သွားတယ်၊ မဂ်ဉာဏ်ကသာနိုင်သွားတော့တယ်၊ ဒကာဒကာမတို့ ကျန်တာက နိုင်သေးရဲ့လား . . . (မနိုင်တော့ပါဘုရား)။

ဒါကြောင့်မဂ်ဉာဏ်သည် ဘယ်လောက်နိုင်တယ်ဆိုတာဘုန်းကြီးရှင်းပြမယ်၊ ဒီဘဝမှာ ခင်ဗျားတို့တစ်ထောင့်ငါးရာကိလေသာရှိတယ်ဆိုတာအထင်အရှားပဲ၊ ဒါ ဒုက္ခသစ္စာပဲကွ ဉာဏ်ကသာဆုံးဖြတ်ချက်ချပါ၊ ဖြစ်တာလည်း ဒုက္ခပဲ၊ ပျက်တာလည်း (ဒုက္ခပါဘုရား)။

အဲ "ဒုက္ခမေဝ ဥပ္ပဇ္ဇတိ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ" ဒုက္ခဖြစ်၍ ဒုက္ခပျက်တာမှတစ်ပါး ခင်ဗျားတို့ခန္ဓာကိုယ်ထဲ ဘာမှ မရှိဘူးတဲ့ . . . (မရှိပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)၊ ဖြစ်ပေါ်လာတာလည်း ဘာတွေတုံး (ဒုက္ခသစ္စာပါဘုရား) ပျက်သွားတာလည်းဘာတွေတုံး . . . (ဒုက္ခတွေပါဘုရား)။

## ဖြစ်ပျက်မှတပါး ဘာမှမရှိ

ခင်ဗျားတို့ သန္တာန်မှာ ဖြစ်ပျက်မှတစ်ပါး ဘာတွေရှိသေးသတုံး (ဘာမှမရှိပါဘုရား)၊ ဒါဖြင့် အဲဒီဖြစ်တာလည်းအားလုံး (ဒုက္ခပါဘုရား) ပျက်တာရော (ဒုက္ခပါဘုရား) ဘယ်ဒုက္ခကြိုက်သတုံး . . . (ဘယ်ဒုက္ခမှမကြိုက်ပါဘုရား) ဘယ်ဒုက္ခမှ မကြိုက်ဘူး။

နှစ်ခုစလုံးမကြိုက်ဘူးဆိုပြီး သူ့ကိုပိုင်းခြားလိုက်၊ မင်းကိုဒုက္ခမှန်းသိပြီ၊ ဖြစ်တာလည်း တို့မကြိုက်တော့ဘူး၊ ပျက်တာရော . . . (မကြိုက်တော့ပါ

ဘုရား)၊ ဒါ သံယုတ်ပါဠိတော်မှာ ဒီအတိုင်းလာတယ်၊ ဒုက္ခပိုင်းခြားပုံရိပ်မိပလား (ရိပ်မိပါပြီ)။ ကစ္စာယနအနွယ်ကိုပြောတာ (မှန်ပါ့ဘုရား)။

ကစ္စာယနအနွယ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ" ဒုက္ခဖြစ်၍ ဒုက္ခပျက်တာမှ တစ်ပါးမင်းတို့ခန္ဓာကိုယ်ထဲ ဘာမှမရှိဘူးတဲ့ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဖြစ်တာလည်း ဘာတုံး (ဒုက္ခပါဘုရား) ဒုက္ခသစ္စာပဲ၊ ပျက်တာကော (ဒုက္ခပါဘုရား) ဒုက္ခကိုခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါတဲ့၊ သစ်ပင်လေးတစ်ပင်စိုက်ကြည့်ပါလို့ ဘုန်းကြီးကပြောတယ်၊ မျိုးစေ့လေးတစ်စေ့စိုက်ကြည့်ဦးဘာကြည့်ရ။

စိုက်ကြည့်တော့ အညွန့်လေးကကိုင်းပြီး ထွက်ကတည်းက ဒီအပင်လဲမှလဲပါ့မလားလို့ မေးဖို့လိုသေးသလား . . . (မလိုပါဘုရား) ဘာကြောင့်မလိုတုံးဆိုတော့၊ ပျက်မည့်ဘက်သွားနေတာ၊ ဒီမှာလည်း ဖြစ်ကတည်းကပျက်မည့်ဘက် မျက်စောင်းထိုးနေတာ။

## သင်္ချိုင်းမျက်စောင်းထိုးမွေးလာတာ

ရုပ်ဓမ္မလေးတွေက ဖြစ်တယ်ဆို ဘယ်ကိုမျက်စောင်းထိုးနေတုံး၊ (ပျက်မည့်ဘက်မျက်စောင်းထိုးပါတယ်ဘုရား)၊ နာမ်ဓမ္မကလည်း ဖြစ်ပြီးတော့ ဘယ်မျက်စောင်းထိုးတုံး . . . (ပျက်မည့်ဘက်ပါဘုရား)၊ အဲ သင်္ချိုင်းမျက်စောင်းထိုးမွေးလာတာနဲ့ အတူတူပဲ၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေ ဒီခန္ဓာကြီးဟာ နာမ်ဓမ္မတွေကြည့်လိုက်ပြန်လည်း သင်္ချိုင်းမျက်စောင်းထိုးနေတာ၊ ထွက်လာလို့ရှိရင် မျက်စောင်းထိုးတဲ့အတိုင်း အရောက်သွားတာပဲ၊ မသွားဘူးလား သွားသလား (သွားပါတယ်ဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခင်ဗျားတို့သန္တာန်ဖြစ်

တဲ့ ရုပ်ဟာလည်းဖြစ်တာလည်းဒုက္ခ၊ ပျက်တာလည်း ဒုက္ခ၊ နာမ်တွေကရော ဖြစ်တာလည်း ဒုက္ခလို့ခင်ဗျားတို့ကြည့်ပေး၊ ကြည့်မပေးသင့်ဘူးလား . . . (ပေးသင့်ပါတယ်ဘုရား)။

ကြည့်ပေးလိုက်ရင် ဖြစ်ဒုက္ခပျက်ဒုက္ခဆိုတော့၊ နတ်ကိုကြည့်လိုက်ပြန်လို့ရှိရင်လည်း ဒုက္ခပဲ၊ ဗြဟ္မာကိုကြည့်လိုက်ပြန်ကော . . . (ဒုက္ခပါဘုရား) သုံးဆယ့်တစ်ဘုံမှာဖြင့် ဒုက္ခချည်းပဲ . . . (မှန်လှပါဘုရား)။

## ဒုက္ခမြင်တဲ့ဉာဏ်လာမယ်

တောတွေ တောင်တွေ ရေတွေကြည့်လိုက်ပြန်တော့ကော . . . (ဒုက္ခပါဘုရား)၊ ကိုယ့်ခန္ဓာ ဒုက္ခဖြစ်ရင် ကျန်တာတွေ ဒီအထဲ သွင်းလာတာပဲ၊ သဘောပါကြပလား . . . (ပါပါတယ်ဘုရား)၊ အဲဒီတော့ ဒီဒုက္ခမြင်တဲ့ ဉာဏ်ကလေးက လာမလား မလာဘူးလား (လာပါမယ်ဘုရား) ဒုက္ခမြင်တဲ့ ဉာဏ်လာမယ်။

ဒီ ဒကာ ဒကာမတွေ ဒုက္ခမြင်တဲ့ဉာဏ်သည် သူလာတဲ့အချိန် ဘာဖြစ်ကြသတုံးဆိုတော့၊ ဒုက္ခကိုကြိုက်တာတော့ ဘယ်သူကကြိုက်တာတုံးလို့ မေးတော့ ဝိပလ္လာသ သတ္တိရှိလို့တဏှာကကြိုက်တာ၊ ဟုတ်ငလား (မှန်လှပါဘုရား)။ ဘယ်သူကြိုက်တာတုံး . . . (တဏှာကကြိုက်တာပါဘုရား) တဏှာက ကြိုက်တာတဲ့။

တဏှာကကြိုက်တော့ ရှေ့က တဏှာကြိုက်ကို အခုဆရာဘုန်းကြီးက သစ္စာအနာခိုင်းတယ်၊ ဒါဒုက္ခသစ္စာလို့ပိုင်းခြားတယ်ခင်ဗျားတို့ကိုနော်။ ခင်ဗျားတို့သန္တာန်ရုပ်နဲ့ နာမ်ရှိတယ်၊ ရုပ်ကလည်းဖြစ်ပျက်၊ နာမ်ကရော (ဖြစ်ပျက်)။

## ဒုက္ခသစ္စာဆိုတာ

နှစ်ခုစလုံးဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်းဒုက္ခ၊ နာမ်ကလည်း ဒုက္ခသစ္စာ၊ ရုပ်ကလည်း (ဒုက္ခသစ္စာဘုရား) ဒုက္ခသစ္စာဆိုတာကတော့ လောကုတ္တရာဖြစ်တဲ့နာမ်ရုပ်ပါ ဒုက္ခသစ္စာပဲ။ သစ္စာနဲ့ဖွဲ့လိုက်လို့ရှိရင် လောကုတ္တရာရောက်နေလို့ဖြစ်ပျက် ငြိမ်းသွားပြီလို့ အောက်မေ့မနေပါနဲ့၊ နိဗ္ဗာန်မရောက်သေးသ၍ ဒုက္ခသစ္စာချည်းပဲ။

ကောင်းပြီ ဒါဖြင့် ဒီဟာဖြစ်တာပျက်တာ၊ နာမ်လေးကြည့်လိုက်ပြန်တော့လည်း ဖြစ်တာနဲ့ ပျက်တာပဲရှိတယ်၊ ရုပ်ကလေးကြည့်လိုက်ပြန်တော့ကော . . . (ဖြစ်တာနဲ့ပျက်တာပါဘုရား)၊ ဖြစ်တာနဲ့ပျက်တာရှိတော့၊ ဖြစ်တာပျက်တာကိုပင် ဘုရားကဖြစ်ဒုက္ခ၊ ပျက်ဒုက္ခကွ။

ဘာဟောထားခဲ့တုံး ဒကာ ဒကာမတို့ . . . (ဖြစ်ဒုက္ခပျက်ဒုက္ခပါဘုရား) ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်းဒုက္ခပဲ၊ ဘုရားကမပိုင်းခြားဘူးလား (ပိုင်းခြားပါတယ်ဘုရား) ပိုင်းခြားတယ်ဆိုတဲ့အတိုင်း ကျုပ်တို့က ဉာဏ်နဲ့ကြည့်လိုက်တော့ ဟုတ်သားပဲ။ ဖြစ်ပြီးပျက်တာမှတစ်ပါး ခန္ဓာကိုယ်ထဲမှာ ဘာဝေတဗ္ဗနဲ့ ပွားကြည့်လိုက်တော့၊ ဦးဘကြည် ဘာတွေ့မယ်ထင်တုံး. . . (ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပါဘုရား)။

ဖြစ်ပျက်တွေ့မယ်၊ ဖြစ်ပျက်တွေ့တော့ အဖြစ်ကလည်း ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)၊ အပျက်ကရော . . . (ဒုက္ခသစ္စာပါဘုရား)။

## ပထမဝိပဿနာဉာဏ်

ဒုက္ခသစ္စာလို့တွေ့လာတဲ့တစ်နေ့ကျတော့ ပထမဝိပဿနာဉာဏ်က ယထာဘူတဉာဏ်လည်း ထိုက်တန်သလောက် တွေ့သွားတယ်၊ နိဗ္ဗိန္ဒဉာဏ်ကရော (တွေ့ပါတယ်ဘုရား) ထိုက်တန်သလောက်တွေ့တယ်။

ဒါပေမယ့် ဒုက္ခတော့၊ မပိုင်းခြားနိုင်သေးဘူး၊ ပိုင်းခြားနိုင်ရဲ့လား (မပိုင်းခြားနိုင်သေးပါဘုရား)၊ မပိုင်းခြားနိုင်သေးဘူး။

"ဒုက္ခပရိညာဘိ သမယေန အဘိသမေတိ" ဆိုခဲ့တဲ့အတိုင်း ဒုက္ခကို ပိုင်းခြားလိုက်တော့ အရင်တုန်းကဖြစ်ပျက်သာ အောက်မေ့နေတာ မဟုတ်ပါလားဟေ့ . . . ဖြစ်ဒုက္ခ ပျက်ဒုက္ခပါလား . . . (မှန်ပါ့ဘုရား) အရင်တုန်းကတော့ ဖြစ်ပျက်သာ အောက်မေ့နေတာ။

## သစ္စာမဖြစ်သေးဘူး

ဖြစ်ပျက်ဆိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတင်ဖြစ်တယ်၊ ဖြစ်ပြီးပျက်တာ အနိစ္စလို့မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ဖြစ်ပြီးပျက်တာကို ဒုက္ခလို့ကော (ဆိုနိုင်ပါတယ်ဘုရား) ဖြစ်ပြီးပျက်တာကို အစိုးမရတဲ့ အနတ္တလို့ကော (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါက အနိစ္စ၊ ဒုက္ခ၊ အနတ္တသာဖြစ်သေးတယ်၊ ဒကာ ဒကာမတို့ သစ္စာမဖြစ်သေးဘူးတဲ့၊ သစ္စာမမြင်သေးရင် မဂ်မဖြစ်သေးဘူးဖြစ်တော့ ဖြစ်ပါရဲ့လောကီမဂ်ငါးပါးသာဖြစ်တယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တမြင်လို့ရှိရင်ဖြင့် ဘာသာလျှင်ဖြစ်တယ် . . . (လောကီမဂ်ငါးပါးသာဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် "လောကုတ္တရာ အဋ္ဌင်္ဂိကောမဂ္ဂေါ"ဆိုတဲ့အတိုင်း ဒကာ ဒကာမတို့ ရှစ်ပါးပြည့်ဖို့ဆိုတာကတော့ ဒုက္ခပိုင်းခြားမှပြည့်မယ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဒုက္ခပိုင်းခြားနိုင်ရင် ရှစ်ပါးပြည့်မယ်

ဒုက္ခပိုင်းခြားနိုင်ရင် ဘာတုံး . . . ဒကာ ဒကာမတို့ (ရှစ်ပါးပြည့်ဖို့ပါဘုရား) ဒုက္ခမပိုင်းခြားနိုင်သေးရင် . . . (ရှစ်ပါးမပြည့်သေးပါဘုရား) ဘယ်တော့မှ ရှစ်ပါးပြည့်လိမ့်မယ်လို့မအောက်မေ့နဲ့၊ ဒါဖြင့် ဘုန်းကြီးက

ခတ်ကြမ်းကြမ်းနဲ့ ဒကာ ဒကာမတွေ့ကို ဟောတယ်၊ ဒီတရားဟာ အရေလည် လာပြီ ဟောလို့လွယ်သွားပြီ၊ မင်းတို့အနိစ္စ၊ ဒုက္ခ၊ အနတ္တက နိဗ္ဗာန်မရောက် ဘူး (မှန်လှပါဘုရား)။

## နိဗ္ဗာန်မြင်တဲ့တရားမဟုတ်

နိဗ္ဗာန်၏ရှေ့ပြေး နိဗ္ဗာန်သာရောက်အောင်ပို့နိုင်တယ်၊ နိဗ္ဗာန်မြင်တဲ့ တရား မဟုတ်ဘူး (မှန်လှပါဘုရား)၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တမြင်တဲ့ဉာဏ်သည် နိဗ္ဗာန်မြင်ပါရဲ့လား . . . (မမြင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီ)။

## နိဗ္ဗာန်ရောက်ကြောင်းတရား

ဒါဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တသည် နိဗ္ဗန်ရောက်ကြောင်းတရားသာ ဆိုတယ်တဲ့၊ နိဗ္ဗာန်ကို တကယ်မျက်မှောက်ပြုနိုင်တဲ့တရားဟုတ်ပါရဲ့လားလို့ မေးရင် (မဟုတ်ပါဘုရား) ကြည့်ကိုမကြည့်နိုင်ဘူး၊ သူကဖြစ်ပျက်နေတုန်း၊ တေဘူမကသင်္ခါရ အာရုံပြုနေတယ် . . . (မှန်လှပါဘုရား)။

## အသင်္ခတ၊ အနားမသိနိုင်ဘူး

ဒါဖြင့် မဂ်ငါးပါးထဲ သင်္ခတအာရုံဆိုတော့ အသင်္ခတအနားမသိနိုင် ဘူး၊ သိနိုင်ပါ့မလား (မသိနိုင်ပါဘုရား) မသိနိုင်တော့နောက်ထပ် ပွားများ ပြီး သကာလ ဖြစ်ပျက်မြင်အောင်ကြည့်ပါ၊ ဖြစ်ပျက်မုန်းအောင်ကြည့်ပါ။

## ဖြစ်ပျက်ဆုံးအောင်ရှုမှနိဗ္ဗာန်ရောက်မှာ

ဖြစ်ပျက်မုန်းအောင်ကြည့်ပြီးသကာလဖြစ်ပျက်ဆုံးအောင် ရှုမှသာ လျှင် နိဗ္ဗာန်ရောက်မှာကိုး၊ မဆုံးလို့ရှိရင်ဖြင့် နိဗ္ဗာန်ရောက်ပါ့မလား . . . (မရောက်ပါဘုရား) မရောက်တော့၊ ဖြစ်ပျက်ဆုံးချင်တဲ့အချိန်၊ ဉာဏ်ရင့်လာ

တဲ့အချိန်ကျတော့ ဩော်. . . ဖြစ်တာလေးကလည်း ဒုက္ခသစ္စာလေးပဲ၊ ပျက်တာလေးကရော . . . (ဒုက္ခသစ္စာလေးပါဘုရား)။

ဩော် . . . ဒီဥစ္စာ ဒုက္ခလည်းဟုတ်တယ်၊ သစ္စာလည်းဟုတ်တယ်၊ ဆင်းရဲတာလည်း သူ့ထက်ဆင်းရဲတာမရှိတော့ဘူး၊ သစ္စာလည်း မှန်လိုက်တဲ့ ဖြစ်ခြင်း၊ သူနှိပ်စက်နေတဲ့တရားတွေက ပီဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌတွေက သူ့မီးချည်းရှို့နေတာပဲ . . . (မှန်လှပါဘုရား)။

ပီဠနဋ္ဌကော မနှိပ်စက်တတ်ဘူးလား . . . (နှိပ်စက်တတ်ပါတယ် ဘုရား)၊ သင်္ခတဋ္ဌရော အနှိပ်စက်မခံရဘူးလား . . . (နှိပ်စက်ခံရပါတယ် ဘုရား)၊ သန္တာပဋ္ဌဆိုတဲ့မီးတွေကရော (လောင်ပါတယ်ဘုရား)။

ဩော်-ဒီရုပ်နာမ်နှစ်ပါးသည်ကားဆိုလို့ရှိရင်၊ ရုပ်ရှုတဲ့ပုဂ္ဂိုလ်က ရုပ် ပေ့ါဗျာ၊ နာမ်ရှုတဲ့ပုဂ္ဂိုလ်ကနာမ်ပေ့ါဗျာ၊ အဲဒီကဲ့သို့ ရုပ်နာမ်တွေ တစ်ခုခုကို မဲပြီး လိုက်ပြီးရှုလိုက်ပြီဆိုမှဖြင့် သူတို့နှစ်ခုဟာ မခွဲကောင်းတဲ့တရားကိုးဗျ (မှန်လှပါဘုရား)။

"ဥဘော အညောညနိဿိတာဧကေသ္မိံဘိဇ္ဇမာနေ ဥဘောပိ ဘိဇ္ဇန္တိ" ဆိုတဲ့အတိုင်း တစ်ခုပျက်တာမြင်လို့ရှိရင်၊ သူရောတစ်ခါတည်းတွဲလျက်ပါသွား တာပဲ။ သူတို့က အညမညကိုးဗျ (မှန်လှပါဘုရား)။

## ရုပ်နဲ့နာမ်က အညမည

နာမ်နဲ့ရုပ်နဲ့ အညမညမှီနေကြတာ၊ တောင်ဝှေးနှစ်ချောင်း ဒီလိုစု ထောင်ထားသလို၊ မြေပေါ်မှာထားရတော့တာပေ့ါဗျာ၊ တစ်ချောင်းဆွဲလိုက် နှစ်ချောင်းစလုံးလဲမှာပဲ၊ မလဲဘူးလား . . . (လဲပါတယ်ဘုရား)၊ အဲဒီတော့ ရုပ်ပျက်ရင် နာမ်ပျက်တယ်လို့ဆုံးဖြတ်ချက်ချပါ၊ ဒကာ ဒကာမတွေ ရှင်းပလား (ရှင်းပါပြီဘုရား)။

တောင်ဝှေးနှစ်ချောင်း အဖျားချင်းစုစည်းထားစမ်းပါ၊ နှစ်ခုထိပ်တိုက်နေလို့ တည်နေတာကိုး ဗျ၊ ထိပ်တိုက်နေလို့တည်နေတာ၊ တစ်ချောင်းဆွဲလိုက်တော့ နှစ်ခုထိပ်တိုက်စရာရှိသေးသလား . . . (မရှိပါဘုရား)၊ မရှိတော့ တစ်ခုကောမပြုတ်ဘူးလား . . . (ပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် ရုပ်ကိုမှီနေတဲ့နာမ်၊ နာမ်ကိုမှီနေတဲ့ရုပ်၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

## သဟဇာတနိဿယ

သဟဇာတနိဿယ ကျတော့ နာမ်ကိုမှီနေတဲ့ရုပ်၊ ပုရေဇာတနိဿယ ကျတော့ ရုပ်ကိုမှီနေတဲ့နာမ် . . . (မှန်လှပါဘုရား) ဘာထူးသေးသတုံးခင်ဗျားတို့ . . . (မထူးပါဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

ပဋ္ဌာန်းနည်းနဲ့ကောကိုက်ပလား . . . (ကိုက်ပါတယ်ဘုရား) သဟဇာတဆိုတော့ ဒီနာမ်ဖြစ်ရင် ဒီရုပ်မဖြစ်ပေဘူးလား . . . (ဖြစ်ပါတယ်ဘုရား) ကဲ . . . ဒါသဟဇာတနဲ့ ထောက်ပြတာ . . . (မှန်လှပါဘုရား)။

## ပုရေဇာတနိဿယ

ပုရေဇာတနဲ့ကျတော့ ဒီကနေပြီးသကာလ ပုရေဇာတပစ္စယောဆိုတော့ သူမလာလို့ရှိရင် ဒီနာမ်သည်ကားသေဖွယ်ရာရှိတယ်၊ မရှိဘူးလား (ရှိပါတယ်ဘုရား)။

သူက ရှေ့ကတစ်ခါတည်း ပုရေဇာတဖြစ်ပြီးသကာလ ရှေ့ကနေပြီး ထောက်ပံ့ကူညီလို့ မှီစရာရှိလို့သာလျှင် သူ့အသက်သည်၊ နာမ်ဓမ္မလေးအသက်ရှည်တာ၊ နို့မို့ရင်ရှည်ပါ့မလား . . . (မရှည်ပါဘုရား) ဖြစ်ပျက်မှီစရာမရှိရင် သူပေါ်နိုင်ပါ့မလား . . . (မပေါ်နိုင်ပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဉာဏ်ရောက်ပြီးဖြစ်လို့ သူတို့ နှစ်ခုတစ်ခုပျက်ရင် ဘာပါလိမ့် . . . (နောက်တစ်ခုလည်း ပျက်ပါတယ် ဘုရား) နှစ်ခုပျက်ပဲ၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ပျက်တော့ကိုသူတို့ နှစ်ခုသည်ဖြစ်တာလည်းရှိတယ်၊ ပျက်တာလည်း ရှိတယ်ဆိုတော့ ဒုက္ခမှ ပ၊စ်ပါးဘာရှိသေးတုံး . . . (မရှိပါဘုရား)။

ဩော် . . . ဒါဒုက္ခအစစ်ပဲလို့ဆုံးဖြတ်ချက်ချလိုက်စမ်းပါ။ မင်းနဲ့ဖြင့် နေချင်တဲ့ သတ္တိမရှိတော့ပါဘူးလို့ဆိုရင်ဖြင့် ဒုက္ခချုပ်ပြီ၊ မချုပ်သေးဘူးလား (ချုပ်ပါတယ်ဘုရား)။

## ဒုက္ခနဲ့ သမုဒယနဲ့ချုပ်သွားတယ်

ဘာဖြစ်လို့ချုပ်သတုံးလို့မေးလို့ရှိရင်၊ သမုဒယအရှိန်အစော်မရှိလို့၊ သူနဲ့ပတ်သက်တဲ့ သမုဒယအရှိန်အစော်မရှိလို့တဲ့၊ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ချုပ်သွားတာ၊ သစ္စာဘယ်နှစ်ပါးတုံး. . . (ဒုက္ခနဲ့ သမုဒယပါ ဘုရား)၊ သမုဒယနဲ့ဒုက္ခ။

ဒါဖြင့် ရှုနေတဲ့ဉာဏ်ဟာ ဘယ်သူနဲ့တည့်ရမှာပါလိမ့်မတုံးဆိုတော့ . . . ဒုက္ခမရှိတာနဲ့သွားတည့်မယ်၊ ဘာနဲ့သွားတည့်မယ် . . . (ဒုက္ခမရှိတာနဲ့ သွားတည့်ပါမယ်ဘုရား)။

## ဒုက္ခမရှိတာ နိရောသစ္စာ

ဒုက္ခမရှိတာက ဘာသစ္စာ . . . (နိရောဓသစ္စာပါဘုရား) နိရောဓ သစ္စာက ဘယ်သူ့နိရောဓလဲ . . . (ဒုက္ခနိရောဓပါဘုရား) ကိလေသ နိရောဓကော ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒုက္ခကလည်း ဆက်သွယ်သေးသလား . . . (မဆက်သွယ်ပါဘုရား)၊ ကိလေသာနဲ့ကော . . . (မဆက်သွယ်ပါဘုရား)။

ဒါဖြင့် တဏှာနိရောဓေါနိဗ္ဗာန်၊ ဒုက္ခနိရောဓေါ နိဗ္ဗာန် - ဟောဒီမယ်ခင်ဗျားတို့ ရှုပါ။ ရှုညာဏ်နဲ့ကိုသွားကိုက်တယ်၊ မကိုက်ဘူးလား . . . (ကိုက်ပါတယ်ဘုရား)။

## နိဗ္ဗာန်သည်ခန္ဓာအဆုံးမှာရှိတယ်

ဒါဖြင့် နိဗ္ဗာန်သည်ကားဆိုလို့ရှိရင် ခန္ဓာအဆုံးမှာရှိတယ်ဆိုတော့၊ ဟော ဒီအဆုံးမှာ နိဗ္ဗာန်ရှိတယ် . . . (မှန်လှပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်သည် ခန္ဓာထဲမှာမရှိဘူး၊ ခန္ဓာအဆုံးမှာရှိတယ် . . . (ရှိပါတယ်ဘုရား) ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

**ကိုင်း-ယနေ့ ဒီတွင်တော်ကြစို့ . . . ။**

**သာဓု . . . သာဓု . . . သာဓု။**